ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ စနေနေ့ (26-2-2011) (၆၆၈၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် လွှတ်တော်အလိုက်ကော်မတီများဖွဲ့စည်းရန်နှင့် လွှတ်တော်လုပ်ငန်းများဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများကို ၂၀၁၁ ခုနှစ် မတ်လ ၁ ရက်တွင် ကျင်းပသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၆၅၈)ဦးရှိသည့် အနက် (၆၅၅)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ ဒသမ ၅၄) ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

၂၆-၂-၂၀၁၁
(စနေနေ့)

မြန်မာ့ခရီးသွားလုပ်ငန်း မြှင့်တင်ကြိုးပမ်း

ခရီးသွားလုပ်ငန်းသည် အောင်မြင်မှုရရှိနိုင်သော စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် အာရှပစိဖိတ်ဒေသသည် ကမ္ဘာလှည့်ခရီးသည်များ စိတ်ပါဝင်စား လာရောက်လည်ပတ်နေကြသည့် ခရီးစဉ်ဒေသတစ်ခု ဖြစ်လာသည်။

ယခုနှစ် ပွင့်လင်းရာသီတွင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု များပြားလာသည်ကို တွေ့ရသည်။ ရန်ကုန်၊ မန္တလေးနှင့် ပုဂံ၊ နယ်စပ်ဒေသစသည့် အဓိကဝင်ပေါက်များမှ လာရောက်ကြခြင်းဖြစ်သည်။ ယခင်က ကမ္ဘာလှည့်ခရီးသည် ခြောက်သိန်းကျော် ဝင်ရောက်ခဲ့ရာမှ ၂၀၁၀ ခုနှစ်တွင် ရှစ်သိန်းနီးပါး ဝင်ရောက်ခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်းနိုင်ငံများ၏ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာစီမံကိန်းတွင် အဓိကပါဝင်လျက်ရှိသည်။ နယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပိုမိုအရေးပါလာပြီဖြစ်သည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ထိုင်း၊ လာအိုစသည့် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် ခရီးသည်အများစုသည် ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများတည်ရှိရာ ပုဂံဒေသသို့ ဦးတည်သွားရောက်လေ့လာကြသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အင်းလေးကန်၊ ပင်းတယဒေသတို့၏ သဘာဝရှုခင်းမြင်ကွင်းများနှင့် တိုင်းရင်းသားရိုးရာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ကြည့်ရှုလေ့လာကြသည်။

ထို့အပြင် ရှားပါးတိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းထားရှိရာ ဘေးမဲ့တောများ၊ အမျိုးသားဥယျာဉ်များ၊ လှပသော ပင်လယ်ကမ်းခြေစခန်းများသည် သဘာဝအခြေခံခရီးသွားလုပ်ငန်း တိုးချဲ့လုပ်ကိုင်ရန် အလားအလာကောင်းများရှိသည်။ ပင်လယ်ကမ်းခြေ သန္တာကျောက်တန်းများ၊ လှပသောကျွန်းစုများ၊ ဒီရေတောများ၊ အပူပိုင်းမုတ်သုံတောကြီးများသည် သဘာဝအခြေခံခရီးသွားလုပ်ငန်း မြှင့်တင်လုပ်ကိုင်နိုင်မည့် အခြေခံကောင်းများဖြစ်သည်။

နိုင်ငံတကာတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အဓိကထား လုပ်ကိုင်နေကြပြီ။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ဒေသတစ်ခုနှင့်တစ်ခု ပြည်သူများ ကူးလူးယှက်နွယ် ဆက်သွယ်သွားလာမှုများ ပိုမိုဖွံ့ဖြိုးလာသည်။ မြန်မာနိုင်ငံ၌ ကမ္ဘာလှည့်ခရီးသည်များ စိတ်ပါဝင်စားသည့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊ သဘာဝအခြေခံ ခရီးသွားစခန်းများ တည်ရှိနေပြီးဖြစ်ရာ ခရီးသည်များ စိတ်အေးချမ်းမြေ့စွာ သွားလာတည်းခိုနိုင်ရေး ခရီးစဉ်များ၊ ဝန်ဆောင်မှုပိုင်းဆိုင်ရာများ အဆင့်မြှင့်တင် ကြိုးပမ်းကြခြင်းဖြင့် မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများ ခွဲစိတ်ကုသမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ နယ်မြေခံသင်တန်းကျောင်းခန်းမ၌ ကျင်းပသည့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် (၆၆)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ခွဲစိတ်ကုသမှုခံယူကြမည့် လူနာများအား ပဏာမစမ်းသပ်စစ်ဆေးနေမှုနှင့် လက်တွေ့ကုသနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ဗီယက်နမ်နှင့် ဆွီဒင်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌတို့အား ဗီယက်နမ်နိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့မှ အဖွဲ့ဝင် ၁၃ ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဗီယက်နမ်နိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ လယ်ယာထုတ်ကုန်ကဏ္ဍ လုပ်ကိုင်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်သီးနှံများ ရောင်းဝယ်ဖောက်ကားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဦးအောင်လွင်နှင့် ဦးထွန်းအောင်တို့အား ဗီယက်နမ်နိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

University of Wales မှ ချီးမြှင့်သည့် MBA တက်ရောက်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

STI Education သည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် Logistics Management, Supply Chain Management, Human Resources Management, Teacher Training, Hospitality & Tourism Management, Banking & Finance, Business Management စသည့် ဒီပလိုမာနှင့် အဆင့်မြင့်ဒီပလိုမာ ဘာသာရပ်အမျိုးမျိုး သင်ကြားပို့ချလျက်ရှိသည်။ အင်္ဂလန်နိုင်ငံ Wales တက္ကသိုလ်၏ MBA ဘွဲ့ကို STI ၌ သင်ယူနိုင်သည်။ ပြည်တွင်း၌ သင်ယူနိုင်သည့် ပထမဆုံးနှင့် တစ်ခုတည်းသော အစီအစဉ်လည်းဖြစ်သည်။

ယင်းဘွဲ့ကို University of Wales, UK မှ ချီးမြှင့်မည်ဖြစ်ပြီး အင်္ဂလန်နိုင်ငံ Wales တက္ကသိုလ်မှ တိုက်ရိုက်သင်ကြားမည်ဖြစ်သည်။ သင်ကြားမည့် ဘာသာရပ်များမှာ Personal Skills Development, Financial Management, Marketing Management, Operations Management, Managing the Human Resource, Managing Change in Organisations, Strategic Management, Research Methods တို့ဖြစ်ပြီး နှစ်နှစ်မှ လေးနှစ်အတွင်း မိမိစိတ်တိုင်းကျ အွန်လိုင်းမှသင်ယူနိုင်သည်။ MBA တက်ရောက်လိုသူများအနေနှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး အနည်းဆုံး လုပ်သက် နှစ်နှစ်နှင့် အင်္ဂလိပ်ဘာသာ သတ်မှတ် အရည်အချင်း ပြည့်မီရမည်။ အင်္ဂလိပ်ဘာသာ သတ်မှတ်အရည်အချင်း မပြည့်မီသူများအနေနှင့် STI ၌ English Program တက်ရောက်ရမည်ဖြစ်ပြီး Intake အားဖြင့် Jan, April, July, Oct လေးခုရှိသည်။

April Intake တွင် စတင်တက်ရောက်လိုသူများအနေနှင့် ဖေဖော်ဝါရီလနှင့် မတ်လဆန်းတွင် STI ၌ လျှောက်ထားနိုင်သည်။ ကျောင်းလခ သက်သာပြီး MBA ဘွဲ့ကို အောင်မြင်သူများသည် အင်္ဂလန်နိုင်ငံ Wales တက္ကသိုလ်၌ သွားရောက်၍ ဘွဲ့နှင်းသဘင် တက်ရောက်နိုင်သည်။

အသေးစိတ် သိရှိလိုပါက STI Education အမှတ်(၃၇၇) ရွှေဘုံသာ အထက်လမ်း ပန်းဘဲတန်းမြို့နယ်သို့ လည်းကောင်း၊ အဆောင်(၄) အခန်း(၇) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ်သို့ လည်းကောင်း၊ ဖုန်း-၇၀၀၂၇၃ နှင့် ၅၀၇၀၄၈ တို့သို့ လည်းကောင်း ဆက်သွယ်စုံစမ်းဆွေးနွေးမေးမြန်း၍ တက်ရောက်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်းတွင် ဖေဖော်ဝါရီ ၁၂ ရက်က ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ပထမဆုရ ထူးချွန်ကျောင်းသား မောင်ထက်အာကာဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာထွေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

အမက(၁၈)စမ်းချောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ ရက်ကကျင်းပရာ သူငယ်တန်းမှ တတိယတန်းထိ လေးနှစ်ဆက်တိုက် ပထမရရှိသော မသန့်ဟေဇင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးသင်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

News Watch (စောင့်ကြည့်) သတင်းဂျာနယ်ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

လူထက်ကြီးသော အရှည် ၁၂ ပေရှိ ဧရာမငါးကြီးတစ်ကောင် ဖမ်းမိ၊ အလောင်းတော်ကဿပလိုဏ်ဂူ ကျောက်တံခါး တပို့တွဲလပြည့်နေ့က သုံးကြိမ်တိုင်တိုင် ပွင့်ခဲ့စဉ်ဘာတွေဖြစ်ခဲ့သလဲ၊ မန္တလေးရှိ ဆိုင်ကယ်တက္ကစီများကို တရားဝင် အသိအမှတ်ပြုပြီ၊ ထိုင်းနိုင်ငံရောက် မြန်မာလုပ်သားများ၏ လတ်တလောအခြေအနေ၊ အိန္ဒိယနှင့် မြန်မာဆေးဝါးနည်းပညာ ပိုမိုပူးပေါင်းလာ၊ Toll Gate ရှောင်မောင်းသည့် ကုန်တင်ကားများ တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်းများကို ဖြတ်သန်းခွင့်မပြု၊ စက်သုံးဆီဆိုင် (ဓာတ်ဆီဆိုင်) မရှိသောမြို့များ ဆီဆိုင်ဖွင့်လိုလျှင် လျှောက်ထားနိုင်၊ မြန်မာလူငယ်အမျိုးသမီး လက်ဝှေ့သမားနှစ်ဦး ကမ္ဘာ့လက်ဝှေ့ပြိုင်ပွဲသို့ ပထမဆုံးအကြိမ် သွားမည်၊ ဖက်တီး(ဝဖြိုး) ကလေးငယ်များ မောင်မယ်ယှဉ်ပြိုင်ပွဲတစ်ရပ် ကျင်းပမည်၊ အင်္ဂလန်သို့ မြန်မာ့ဟင်းသီးဟင်းရွက်တင်ပို့၊ မလေးရှားမှ စားအုန်းဆီ တိုက်ရိုက်သွင်းရန်ရှိ၊ မြို့ပတ်ရထားကို တစ်နေ့ လူတစ်သိန်းနီးပါး စီးနေကြသည့်အကြောင်း၊ ကား၊ ရထား၊ သင်္ဘောများပေါ်တွင် တီဗွီ၊ အင်တာနက်၊ တယ်လီဖုန်းများ အသုံးပြုနိုင်တော့မည်၊ ထောက်ကြန့်-ပဲခူးလမ်းပေါ်ရှိ တန်ပိုစစ်ဆေးရေးတာဝန်ကို မက်စ်မြန်မာကုမ္ပဏီမှ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ တာဝန်လွှဲပြောင်းပေး၊ ယခုတစ်လော အိမ်၊ ခြံ၊ မြေ လူတွေစိတ်ဝင်စား၊ နေပြည်တော်-ပျဉ်းမနား လမ်းဘေးဝဲ၊ ယာများတွင် RC နှစ်ထပ်မှ လေးထပ်တိုက်ဆောက်ရန် ခွင့်ပြု၊ ကိုရီးယားသရုပ်ဆောင် ပတ်ယိုချန်နှင့် တွဲဖက်သရုပ်ဆောင်ထားတဲ့ ပတ်မင်ယောင်ရဲ့ အင်တာဗျူး၊ နယူးဇီလန်ငလျင်ဒဏ်ရဲ့ ဘေးဒုက္ခ စသည့် ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ News Watch (စောင့်ကြည့်) သတင်းဂျာနယ် အတွဲ(၆)၊ အမှတ် (၃၃) ထွက်ရှိပြီ ဖြစ်သည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် သန်လျင်မြို့နယ် မြို့ဟောင်း အရှေ့ရပ်ကွက် ဥက္ကဋ္ဌဖလား နယ်မြေပေါင်းစုံဘောလုံးပြိုင်ပွဲ ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ ပထမရရှိသော ဇီးကုန်း(၂) နယ်မြေ အသင်းအား ရပ်ကွက်ဥက္ကဋ္ဌ ဦးမျိုးမြင့်ဦး တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။ (၅၂၇)

နွားထိုးကြီးအထက ပထမအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

နွားထိုးကြီးအထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၁၉ရက် နံနက် ၉ နာရီတွင် နွားထိုးကြီးမြို့ အထက အောင်သူရိန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးရန်အောင်သန်း ဖုန်း-၀၉-၅၀၂၈၀၇၉၊ ဦးဝင်းမြင့် ဖုန်း-၀၉-၅၀၃၀၂၄၁၊ ဦးဇော်မင်းမြ ဖုန်း-၀၉-၅၁၃၁၃၈၅၊ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်မင်း ဖုန်း-၀၉-၈၃၀၀၈၅၆၊ ဒေါက်တာကျော်စိုးဝင်း (နှလုံးအထူးကုသမားတော်ကြီး)-ဒေါ်အေးအေးမြင့် ဖုန်း-၀၉-၂၀၀၁၀၇၈၊ ဦးကံဆယ် ဖုန်း-၀၉-၂၀၀၉၆၃၃၊ ဒေါ်စန္ဒာမြင့် ဖုန်း-၀၉-၅၁၅၀၇၀၀၊ ဒေါ်ဆန်းတင် ဖုန်း-၀၂-၅၃၉၆၄၊ ဒေါက်တာအေးကြည်ဖြူထွန်း ဖုန်း-၀၉-၂၂၁၀၃၂၆၊ ဦးတင့်လွင် ဖုန်း-၀၉-၂၂၁၅၅၀၇ နှင့် ကိုချိုမြင့် ဖုန်း-၀၉-၅၁၅၁၅၅၇ တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

☆ ရှေ့ဖုံးမှ

အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏အမည်စာရင်း တင်ပြချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(ခ) တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထောက်အထားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က နောင်လွှတ်တော်အစည်းအဝေးများတွင် ဆောင်ရွက်ရမည့် လွှတ်တော်သို့ တင်သွင်းသည့်မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ၁၃ ရက်မြောက်နေ့အစည်းအဝေးကို ရပ်နားကြောင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် လွှတ်တော်အလိုက်ကော်မတီများ ဖွဲ့စည်းရန်နှင့် လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ရပ်နားထားမည်ဖြစ်ကြောင်းနှင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများကို မတ်လ ၁ ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် နောင်လွှတ်တော်အစည်းအဝေးများတွင် ဆောင်ရွက်ရမည့် လွှတ်တော်သို့ တင်သွင်းသည့် မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

ပဲခူးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပဲခူးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ အသင်းဝင်စာပေဆုရ စာပေပညာရှင်ကြီးများအားဂုဏ်ပြုပွဲကို ဧပြီ ၉ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ် (၁၀/၁၁) ဒုတိယထပ် ကန်တော်ကလေးလမ်း (အောင်ဆန်းကွင်းမြောက်ဘက်ခြမ်း) မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာနှင့်အထက် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သား၊ သမီးများ မတ်လ ၁၉ ရက် နောက်ဆုံးထား၍ နီးစပ်ရာ အမှုဆောင်များနှင့် အသင်းတိုက်သို့ ဆက်သွယ်လျှောက်ထားနိုင်ပြီး သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲအတွက် လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးညွန့်ဇော်(အငြိမ်းစား) ဖုန်း-၀၁ ၅၃၆၄၆၄၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဟန်ကြူ ဖုန်း-၀၉ ၅၁၁၂၀ ၂၃၇၊ ဦးသိမ်းလွင် ဖုန်း-၀၅၂-၂၄၂၂၁၊ အတွင်းရေးမှူး ဦးဝင်းမြင့် ဖုန်း-၀၁-၅၈၀ ၀၃၂ ဘဏ္ဍာရေးမှူး ဦးခင်စိုး ဖုန်း-၀၁-၄၀၀၁၄၂နှင့် ပဲခူးမြို့နယ်အသင်း ဖုန်း-၀၁-၃၇၈၃၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၂-၂၀၁၁ (စနေနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ "ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်" တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
- ၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂၆)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၃)**
- ၈:၄၀ Myanmar Casual Wear Super Star Singing Contest(Part-1)
- ၉:၂၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၀၀ ငြိမ်းချမ်းခြင်းသရုပ်. . . အေးချမ်းမှုအလှ
- ၁၀:၁၅ Activities In The City (L.V နည်းပညာနှင့်ဘိလပ်မြေ စက်မှုလုပ်ငန်းတိုးတက်ရေး ဆွေးနွေးပွဲ)
- ၁၀:၃၀ သွားမယ်စားမယ် (MR-MOON B.B.Q)
- ၁၀:၅၅ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်လုံးဆိုင်ရာ သာသနာနုဂ္ဂဟဝိမာန်တော်ကြီးအုတ်မြစ်စီမင်္ဂလာ
- ၁၁:၀၅ Goals of the week
- ၁၁:၃၅ အရည်အသွေးတို့၏အစပထမ
- ၁၁:၄၅ သူတို့ပြောတဲ့သူတို့အကြောင်း (ကျော်ကျော်ဗိုနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၁၂:၁၅ အမ်ပီယာပြည့်ဝတောက်ပစေမည့် အလင်းရောင်တို့အားပေးစွမ်းနိုင်သော TOYO BATTERY
- ၁၂:၃၅ ကြည်နူးဖွယ်ရာ ရှမ်းရိုးရာ ရဟန်းခံရှင်ပြုမင်္ဂလာ
- ၁:၀၀ "ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်" တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ VJ Choice
- ၃:၀၀ "စိန်တို့ရဲ့ကမ္ဘာ စိန်ဧကရာဇ်ပါ"
- ၃:၁၀ သဘာဝကပေးတဲ့အကျိုးအာနိသင် (မြန်မာ့ဆေးကောင်း) (ဘုန်းလျှံ၊ မျိုးစန္ဒီကျော်၊ ကောင်းစံ၊ ဒေါ်အောင်မြင့်ကြည်) [ဒါရိုက်တာ-ကြည်သာ(ပွဲကြိုက်ခင်)]
- ၃:၃၅ Movie Talk (ဦးကြည်စိုးထွန်း၊ ဦးသိုက်စိုး) (အပိုင်း-၁)
- ၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၄၃)**
- ၄:၄၅ ရူကွဲပေဒကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
- ၅:၀၅ ဖက်ရှင်လမ်းညွှန် (မင်္ဂလာပြက္ခဒိန်အထူးအစီအစဉ်) (ပြည်စိုးအောင်)
- ၅:၃၀ ဂဏန်းသင်္ချာပျော်စရာ
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Lanoperal Lunching အခမ်းအနား)
- ၆:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၂၇)**
- ၇:၁၅ Myanmar Casual Wear Super Star Singing Contest (Part-2)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Kid's Show (ရွှေပြည်နန်းကလေးသရုပ်ဆောင်ပြိုင်ပွဲ)
- ၉:၀၀ မိသားစုများ သိသင့်သောလေဖြတ်ခြင်းဆိုင်ရာ ကျန်းမာရေးဗဟုသုတများ(ဒေါက်တာပန်ဒိုရာအောင်ကြီး၊ အကယ်ဒမီလူမင်း+ ခင်စပယ်ဦး၊ R ဇာနည် + ဝမ်း)
- ၉:၂၅ Barclays Premier League (Everton Vs Sunderland)
- ၁၁:၂၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"အရိပ်စစ်" (အပိုင်း-၁၄၄)**
- ၁၂:၁၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ကချင်တိုင်းရင်းသားရိုးရာဖက်ရှင်)
- ၁၂:၃၅ ချည်ခင်ကိုမယ်ရှင်းလို့ ရက်ကာအမြဲဝတ်မယ် ထာဝစဉ်. . .
- ၁၂:၅၅ Mega Star Talk (ဇော်ဝင်းထွဋ်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
- ၁:၁၅ တော်ဝင်အလှတို့ ဖန်တီးဖြစ်တည်ရာ
- ၁:၂၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Chocolate Heaven)
- ၁:၃၅ ကျန်းမာသန်ထွားဉာဏ်မြင့်မား (မင်းရာဇာ၊ မျိုးစန္ဒီကျော်၊ တက္ကသိုလ်ဂွမ်းပုံ)
- ၁:၄၅ နုယဉ်ဆန်းထွင်ပန်းအလှဆင် (Diamond ပုံပန်းအိုးထိုးနည်း)
- ၂:၂၀ သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပန်းတိုင်အထွက်နှုန်း"
- ၂:၃၀ ရောင်စုံရသနီယွန်ည
- ၂:၅၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ပင်လယ်ရေမျော်စိုက်ပျိုးမွေးမြူရေးလုပ်ငန်း)
- ၃:၁၅ ရွှေသို့ရည်မှန်းမြန်မာ့စက်မှုလုပ်ငန်း (ခေတ်မီအစားထိုး Steel ပစ္စည်းအမျိုးမျိုး)
- ၃:၄၅ ငြိမ့်ညောင်းသာယာစောင်းပညာ
- ၄:၁၅ အံ့ဖွယ်လေ့လာအသံတုပညာ (အသံတုရဲမြင့်လေး)
- ၄:၃၅ ထူးထူးခြားခြားသစ်ခေါက်ပန်းချီကား
- ၄:၅၀ အလောင်းတော်ကဿပ လိုဏ်ဂူတော်
- ၅:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၉:၂၅	Wigan	-	Man U	ESPN (Live)
	Everton	-	Sunderland	STAR SPORTS (Live)
၁၁:၃၀	Wolverhampton	-	Blackpool	ESPN (SDD)

ကျောက်တန်းစည်ပင် မြို့ရေပေးရေးလုပ်ငန်း စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက်က ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ဆင်ကန်(မိုးရေကန်)၏ ရေသိုလှောင်ထားရှိမှု၊ ရေဖြန့်ဝေမှုနှင့် ရေပြတ်လပ်မှုမရှိစေရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်စောနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြင့်ဝင်းတို့က လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

ကျေးလက် ကျောက်ချောလမ်း လုပ်ငန်းဆောင်ရွက်

ကွန်ဟိန်း ဖေဖော်ဝါရီ ၂၅

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ကာလိ-ဟိုပင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအား ဇန်နဝါရီ ၂၁ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော အနောက်ပိုင်းရပ်ကွက် ယွန်းကျောင်းလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးသိန်းနှင့် ရပ်မိရပ်ဖ ဦးသိန်းအေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စာပေနှင့် စာနယ်ဇင်း)

သဲကုန်းမြို့ စိုက်ပျိုးရေးကျောင်းသားများ မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပမည်

သဲကုန်း ဖေဖော်ဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့ စိုက်ပျိုးရေးအလယ်တန်းနှင့် အထက်တန်းကျောင်းသားများ၏ ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို မတ် ၆ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀ နာရီတွင် သဲကုန်းမြို့ စိုက်ပျိုးရေးသုတေသနခြံ၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူများအားလုံး တက်ရောက်ကြပါရန်နှင့် ပူဇော်ကန်တော့ပွဲသို့ မတ် ၅ရက် မွန်းလွဲ ၁ နာရီတွင် ထွက်မည့် ရန်ကုန်-ပြည် အမြန်ရထားဖြင့် စီးနင်းလိုက်ပါလိုကြသူများ၊ ပြည်မြို့မှ သဲကုန်းမြို့သို့ မတ် ၆ ရက် နံနက် ၆ နာရီတွင် ထွက်မည့် မော်တော်ယာဉ်ဖြင့် လိုက်ပါလိုကြသူများသည် ဦးကျော်သောင်း ဖုန်း-၀၉-၇၃၀၇ ၃၀၀၇၊ ဦးစိုးတင့် ဖုန်း-၀၉-၅၃၆၀၇၇၅၊ ၀၁-၆၄၆၆၂၆၊ ဦးသန်းအေး ဖုန်း-၀၉-၅၄ ၁၄၄၃၄၊ ၀၁-၅၅၅၈၆၀နှင့် ဦးကြည်သိန်း ဖုန်း-၀၅၃-၂၈၅၆၄ တို့သို့ ဆက်သွယ်လိုက်ပါနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စာအုပ်စာပေ လူ့မိတ်ဆွေ

အာဖဂန်စစ်ပွဲအတွက် ရုရှားလေပိုင်နက် အမေရိကန်သုံးခွင့်သဘောတူညီချက် ရုရှား ဒူးမားလွှတ်တော်က မဲခွဲအတည်ပြုမည်

မော်စကို ဖေဖော်ဝါရီ ၂၅

အာဖဂန်နစ္စတန်တွင်ပြုလုပ်နေသော စစ်ဆင်ရေးများအတွက် တပ်ဖွဲ့ဝင်များနှင့် ထောက်ပံ့ရေးပစ္စည်းများကို ရုရှားပိုင်နက်အတွင်းမှ ဖြတ်သန်းသယ်ဆောင်ခွင့် အမေရိကန်စစ်ဘက်အားပေးနိုင်မည့် သဘောတူညီချက်ကိုအတည်ပြုရေးအတွက် ရုရှားအောက်လွှတ်တော်က သုံးသပ်နေကြောင်း ယနေ့သတင်းများတွင်ဖော်ပြသည်။

ရုရှားဒူးမား အောက်လွှတ်တော်သည် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ထောက်ပံ့ရေးပစ္စည်းများ ရုရှားနိုင်ငံကို ဖြတ်သန်း၍ အာဖဂန်နစ္စတန်သို့ သွားရောက်နိုင်ရေး သဘောတူညီချက်အား ၂၀၀၉ခုနှစ်တွင် ရေးထိုးခဲ့သော်လည်း ရုရှားဒူးမား အောက်လွှတ်တော်က ယင်းသဘောတူချက် အတည်ပြုရေးကို သောကြာနေ့ နောက်ပိုင်းတွင်းမှ မဲခွဲဆုံးဖြတ်မည်ဖြစ်သည်။

၂၀၀၉ခုနှစ် စက်တင်ဘာလမှစ၍ ရုရှားနိုင်ငံကို ဖြတ်သန်းခဲ့သော အမေရိကန်လေကြောင်း ခရီးစဉ် ၇၈၀ ရှိခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင် ၁၁၅၀၀၀ နှင့် ကုန်တန်ချိန် ၁၉၀၀၀ မက်ထရစ်တန်တို့ကို အာဖဂန်နစ္စတန်သို့ပို့ဆောင်ခြင်း၊ ပြန်လည်သယ်ယူခြင်းများ လုပ်ဆောင်ခဲ့ကြောင်း ရုရှားလက်ထောက် နိုင်ငံခြားရေးဝန်ကြီးက ဒူးမားအောက်လွှတ်တော်၌ ပြောကြားသည်။

အာဖဂန်စစ်ပွဲအတွက် အမေရိကန်စစ်ဘက်၏ ထောက်ပံ့ရေးလုပ်ငန်း ၁၆ရာခိုင်နှုန်းသည် ရုရှားလေပိုင်နက်ကို ဖြတ်သန်းနေရကြောင်း ၎င်းက ပြောကြားသည်။

အာဖဂန်စစ်ပွဲကာလအတွင်း ရုရှားလေပိုင်နက်အား အမေရိကန်စစ်ဘက်က သုံးစွဲရေးသဘောတူညီချက်ကို အာဖဂန်နစ္စတန် တည်ငြိမ်ရေးအတွက် နိုင်ငံတကာ ကြိုးပမ်းမှု၏ သော့ချက်တစ်ရပ်အဖြစ် ရုရှားနိုင်ငံက ရှုမြင်ထားသည်။

အင်တာနက်။

အမေရိကန်လက်လီဆိုင်များကို အလစ်သုတ်သူများ ခြိမ်းခြောက်နေ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၅

ပစ္စည်းအလစ်သုတ်သည့် ရာဇဝတ်မှုများထူပြောလာခြင်းက အမေရိကန်နိုင်ငံ၏ စီးပွားရေးကို မအောင်မြင်စေသည့် အကြောင်းတရားဖြစ်ကြောင်း သောကြာနေ့ အင်တာနက်သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုတွင် အများဆုံးကျူးလွန်သည့် လက်လီဆိုင်များမှ ဈေးသူခိုးများကြောင့် စီးပွားရေးလုပ်ငန်းများမှ နှစ်စဉ်ဆုံးရှုံးမှုသည် အမေရိကန်ဒေါ်လာဘီလီယံ ၃၀ ရှိသည်ဟု ဆိုသည်။

သတင်းများအရ နိုင်ငံအတွင်းကျူးလွန်သည့်ပြစ်မှုအားလုံး၏ ၈၅ ရာခိုင်နှုန်းသည် ပစ္စည်းခိုးမှုများဖြစ်သည်ဟု အမျိုးသား လက်လီဆိုင်များအသင်း၏ ဆုံးရှုံးမှုကာကွယ်ရေးဥက္ကဋ္ဌ ဂျိုးလာ ရော့ကာက ပြောကြားသည်။

ဆုံးရှုံးမှုများမြင့်တက်လာနေခြင်းကို တိုက်ဖျက်ရန် ကြိုးပမ်းခြင်းအနေဖြင့် လက်လီဆိုင်အမှုများ ပပျောက်ရေးအသင်းက စုစည်းကာ လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပမည့် နှစ်ပတ်အစည်းအဝေးကို လာရော့ကာနှင့် ကျွမ်းကျင်သူ ၈၀၀ တက်ရောက်ကြမည်ဖြစ်သည်။

အဆိုပါ ရာဇဝတ်မှုများကို ထိန်းချုပ်နိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းများနှင့် ဥပဒေထိန်းသိမ်းသည့် အဖွဲ့အစည်းများ အကြား ခိုင်မာသည့် ဆက်သွယ်ရေးရှိရန် လိုအပ်ကြောင်းကို လော့စ်အိန်ဂျလိစ်မြို့ အစိုးရရှေ့နေ ကားမင်းထရူးတားနစ်က အလေးအနက်ပြောကြားသည်။ ၎င်းမြို့သည် နိုင်ငံ၏ အကြီးမားဆုံးသော လက်လီဈေးကွက်ဖြစ်ပြီး သူခိုးဂိုဏ်းများအတွက် ပြစ်မှုကျူးလွန်ရန်လွယ်ကူလှသည်ဟုဆိုသည်။

သတင်းများအဆိုအရ မြောက်အမေရိကတွင် နေ့စဉ် ပစ္စည်းအလစ်သုတ်မှု ၆၀၀၀၀၀ နီးပါးရှိသည်။ သို့သော် ဈေးသူခိုးဂိုဏ်းများ၏ ဒုက္ခပေးခြင်းကို ခံနေရသည်မှာ မြောက်အမေရိက တစ်ခုတည်းသာမဟုတ်ကြောင်း၊ ယမန်နှစ် ကမ္ဘာတစ်ဝန်းလုံးမှ လက်လီဆိုင်များနှင့် စီးပွားရေးလုပ်ငန်းများ၏ ဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၁၁၅ ဘီလီယံခန့်ရှိကြောင်း ကျွမ်းကျင်သူတစ်ဦးက ပြောသည်။

အမေရိကန်၏ စီးပွားရေးကျဆင်းမှုနှင့် ဈေးနှုန်းများ ကြီးမြင့်မှုတွင် ပစ္စည်းခိုးမှုထူပြောနေခြင်းက အရေးပါသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ယုံကြည်ကြသည်။

အင်တာနက်။

ပုံးတည်ဆောက်ရန်ကြိုးစားမှုဖြင့် ဆော်ဒီနိုင်ငံသားတစ်ဦးကို အမေရိကန်တရားစွဲ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၅

လူအစုအပြုံလိုက် သေစေနိုင်သော လက်နက်များအသုံးပြုရန်ကြိုးစားမှု၊ အမေရိကန်သမ္မတဟောင်း ဂျော့ဂျ်ဒဗလျူဘုရှ်ကို ပစ်မှတ်ထားတိုက်ခိုက်ရန် ကြိုးပမ်းမည့် အလားအလာများ တွေ့ရှိမှုတို့ကြောင့် အမေရိကန်အာဏာပိုင်များက ဖမ်းဆီးတရားစွဲဆိုခဲ့ကြောင်း တရားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

ခါလစ်အလီ-အမ် အယ်လ်ဒေါ်ဆာရီအမည်ရှိ ဆော်ဒီအာရေဗျနိုင်ငံသားသည် အမေရိကန်ပြည်ထောင်စုသို့ ၂၀၀၈ ခုနှစ်တွင် ကျောင်းသားနိုင်ငံကူးလက်မှတ်ဖြင့် ဝင်ရောက်လာသူဖြစ်ပြီး ၎င်းကို ပြည်ထောင်စု စုံစမ်းထောက်လှမ်းရေး ဗျူရို (အက်ဖ်ဘီအိုင်)က တက္ကဆပ်ပြည်နယ်၌ ဖေဖော်ဝါရီ ၂၃ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

၎င်းကို ဓာတုပစ္စည်းများ၊ လက်ဖြစ်ဖောက်ခွဲရေးပစ္စည်းများပြုလုပ်ရာတွင် အသုံးပြုရေးကိရိယာ တန်ဆာပလာများ ဝယ်ယူထားမှုဖြင့် စွဲချက်တင်ထားကြောင်း အမေရိကန်တရားရေးဝန်ကြီးဌာနက ပြောကြားသည်။

အယ်လ်ဒေါ်ဆာရီသည် ဖီနော အမည်ရှိ အပြင်းစား ဓာတုပစ္စည်းများကို ၎င်းတို့ထံမှဝယ်ယူခဲ့ကြောင်း ဓာတုပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီတစ်ခုက အက်ဖ်ဘီအိုင်အဖွဲ့ကို ဖေဖော်ဝါရီ ၁ ရက်က အကြောင်းကြားခဲ့သည်။

ဓာတုပစ္စည်းများဝယ်ယူရာတွင် အယ်လ်ဒေါ်ဆာရီသည် ကျောင်းပြင်ပ သုတေသနလုပ်ငန်း၌ အသုံးပြုမည်ဟူသော အကြောင်းပြချက်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အယ်လ်ဒေါ်ဆာရီသည် နျူကလီးယားဓာတ်အားပေးစက်ရုံများပါဝင်သော အကြမ်းဖက်တိုက်ခိုက်ရမည့် ပစ်မှတ်စာရင်းများ ပြုစုခဲ့ပြီး အမေရိကန်သမ္မတဟောင်း ဂျော့ဂျ်ဘုရှ်၏ လိပ်စာပါသော အီလက်ထရွန်နစ်ချောစာတစ်စောင်ပေးပို့မှုကိုလည်း လုပ်ဆောင်ခဲ့ကြောင်း အမေရိကန်တရားရေးဌာနက ပြောကြားသည်။ ***ရိုက်တာ။***

အင်ဒိုနီးရှား ရွှံ့မီးတောင်မှ ရွှံ့ရည်များ လာမည့် နှစ် ၂၀ အထိ ဆက်လက်ထွက်ပေါ်ဖွယ်ရှိ

ဆီဒိုရာဂျို ဖေဖော်ဝါရီ ၂၅

လူနေအိမ်များ၊ ဆန်စပါးစိုက်ခင်းများ၊ စက်ရုံများနှင့် လမ်းများကို ဝါးမျိုပစ်ခဲ့သော အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားမှ ရွှံ့မီးတောင်ကြီးသည် နောက်နှစ် ၂၀ မျှအထိ ဆက်လက်ပေါက်ကွဲနေဦးမည့် အလားအလာရှိကြောင်း သိပ္ပံပညာရှင်များက ဖေဖော်ဝါရီ ၂၄ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားကျွန်းရှိ လူစီရွှံ့မီးတောင်ဝ။ *(ဓာတ်ပုံ-အင်တာနက်)*

အင်ဒိုနီးရှားနိုင်ငံ ကမ်းရိုးတန်းဒေသ ဆီဒိုရာဂျိုမြို့အနီးတည်ရှိသည့် ယင်းရွှံ့မီးတောင်သည် ၂၀၀၆ခုနှစ် မေလတွင် ပေါက်ကွဲ၍ ရွှံ့များကိုစတင်မှုတ်ထုတ်ခဲ့ရာ လူ ၁၅ဦးသေဆုံးပြီး ၄၀၀၀၀ အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။

လူစီအမည်ရှိ ယင်းရွှံ့မီးတောင်ကြီးသည် လာမည့်၁၀စုနှစ် နှစ်စုမျှထိ ရွှံ့များကို ဆက်လက်မှုတ်ထုတ်နိုင်ကြောင်း သိပ္ပံပညာရှင်များ၏ လေ့လာချက်တွင် တင်ပြထားသည်။

အဆိုပါမီးတောင်ကြီးသည် ရွှံ့ထုထည်ကုဗပေ ငါးဘီလီယံ မှုတ်ထုတ်ခဲ့ပြီး ကပ်ဘေးများ ဖြစ်ပေါ်စေမည့်အလားအလာများ ရှိကြောင်း ဘူမိဗေဒပညာရှင်တစ်ဦးက ထုတ်ဖော်ပြောကြားသည်။

မီးတောင်ပေါက်ကွဲမှုကဲ့သို့ပင် မြေအောက်မှ ရွှံ့များ ပေါက်ကွဲထွက်ပေါ်မှုသည်လည်း ဘူမိဗေဒဖြစ်စဉ်လှုပ်ရှားမှုများ၏အကျိုးဆက်ကြောင့်ဖြစ်ကြောင်း အင်ဒိုနီးရှားကမ်းရိုးတန်းဒေသ၌ အနာဂတ်တွင်ပေါက်ကွဲနိုင်မည့် ရွှံ့မီးတောင်များရှိနေသေးကြောင်း ပညာရှင်တစ်ဦးက သုံးသပ်သည်။ ***အင်တာနက်။***

ကူရိုင်းကျွန်းစုသို့ ရဟတ်ယာဉ်တင်စစ်သင်္ဘော ရုရှားစေလွှတ်ဖွယ်ရှိ

မော်စကို ဖေဖော်ဝါရီ ၂၅

ဂျပန်နိုင်ငံနှင့် ပိုင်ဆိုင်ခွင့်အငြင်းပွားလျက်ရှိသော ကူရိုင်းကျွန်းများကို ကာကွယ်ရန် ရုရှားနိုင်ငံသည် ပြင်သစ်နိုင်ငံလုပ် Mistral အတန်းအစား ရဟတ်ယာဉ်တင်စစ်သင်္ဘောနှစ်စင်း သို့မဟုတ် တစ်စင်းကို ပစိဖိတ်သမုဒ္ဒရာရေပြင်သို့ စေလွှတ်ထားဖွယ်ရှိကြောင်း ရုရှားထိပ်တန်းဗိုလ်ချုပ်ကြီးတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

ကူရိုင်းကျွန်းများလုံခြုံရေးအတွက် ရုရှားပစိဖိတ်ရေတပ်သို့ Mistral ရဟတ်ယာဉ်တင်သင်္ဘောဖြစ်နိုင်လျှင် နှစ်စင်းအထိ စေလွှတ်ရေးကို ရုရှားအစိုးရက စဉ်းစားနေကြောင်း စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နီကိုလိုင်မာကာရော့ဗ်က ဆိုသည်။

ရုရှားနိုင်ငံသည် ပြင်သစ်နိုင်ငံထံမှ Mistral အတန်းအစား ရဟတ်ယာဉ်တင်သင်္ဘောများကို ဝယ်ယူထားသည်။ ရုရှားနိုင်ငံကို ယင်းကဲ့သို့ စစ်သင်္ဘောများရောင်းချပေးမှုကြောင့် ပြင်သစ်နိုင်ငံသည် မြောက်အတ္တလန္တိတ်စာချုပ်(နေတိုး)အဖွဲ့ဝင်နိုင်ငံများ၏ ဝေဖန်မှုခံခဲ့ရသည်။

ရုရှားနိုင်ငံသမ္မတ ဒီမစ်ထရီမက်ဗီဒက်ဗ်က ကူရိုင်းကျွန်းစုများ ကာကွယ်ရေးကို အရှိန်မြှင့်တင်ရန် ကတိကဝတ်ပြုခဲ့ပြီးနောက် ရုရှားနှင့် ဂျပန်အကြား ယင်းကျွန်းစုများအရေးသည် တဖြည်းဖြည်းအရှိန်မြင့်တက်လာသည်။

အေအက်ဖ်ပီ။

ပါကစ္စတန်နယ်မြေဒေသများအတွင်း တိုက်ခိုက်ဖျက်ဆီးခံရ

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၅

ပါကစ္စတန်အနောက်မြောက်ပိုင်း မို့မာန်မျိုးနွယ်စုတို့၏ ဒေသတွင် အစိုးရအမျိုးသမီးစာသင်ကျောင်းများကိုလည်းကောင်း၊ အနောက်တောင်ပိုင်းရှိ မီးရထားလမ်းတစ်လမ်းကိုလည်းကောင်း အမည်မသိ တိုက်ခိုက်သူများက ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သောကြာနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

မို့မာန်မျိုးနွယ်စုတို့ နေထိုင်ရာ ရှားကာဒါနယ်မြေတွင် အစိုးရမိန်းကလေးမူလတန်းကျောင်း အဆောက်အအုံတစ်ခုကို စစ်သွေးကြွများက သောကြာနေ့၌ ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲခဲ့ကြောင်း ဒေသတွင်းသတင်းများကို ကိုးကား၍ ပရက်စ်တီဗွီက ရေးသားသည်။

အဆိုပါဖြစ်စဉ်တွင် အဆောက်အအုံပေါက်ကွဲသည့်အချိန်၌ ကျောင်းအတွင်း တစ်စုံတစ်ဦးမျှမရှိသဖြင့် သေဆုံးမှုမရှိဟု ဆိုသည်။

ကျား/မ ပူးတွဲပညာသင်ကြားရေးစနစ်ကို မနှစ်သက်သည့် တာလီ ဘန်စစ်သွေးကြွများက စာသင်ကျောင်း ရာပေါင်း များစွာကို ဖျက်ဆီးခဲ့ရာ မိန်းကလေးကျောင်းများမှာ အများဆုံးဖြစ်သည်။

နိုင်ငံအနောက်မြောက်ပိုင်း ဆွက်တောင်ကြားဒေသတွင် စစ်သွေးကြွများက အမျိုးသမီးများ ပညာသင်ကြားခြင်းကို တားမြစ်ထားသည့်အတွက် ကျောင်းသူ ၄၀၀၀၀ ကျော်မှာ ကျောင်းတက်ခွင့် မရတော့ပေ။

နိုင်ငံအနောက်မြောက်ပိုင်း ပီးရှားဝါမြို့တွင် အာဖဂန်နစ္စတန်ရှိ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များအတွက် လောင်စာဆီ တင်ဆောင်လာသည့် ဆီတင်ကား ၁၆ စီးကို စစ်သွေးကြွများက ဖျက်ဆီးခဲ့ရာ အနည်းဆုံး ကိုးဦးသေဆုံးခဲ့သည်။

ရှားဝါမြို့ ရင်းလမ်းနယ်မြေအတွင်းမှ နေတိုးယာဉ်ရပ်နားစခန်းနှစ်ခုကို အမည်မသိ လက်နက်ကိုင်စစ်သွေးကြွများက သောကြာနေ့ညနေ့ောင်းပိုင်း၌ တိုက်ခိုက်ရာ ရှစ်ဦးသေဆုံး၍ နှစ်ဦးဒဏ်ရာရရှိကြောင်း ပရက်စ်တီဗွီက သောကြာနေ့တွင် ဖော်ပြသည်။

လောင်စာဆီတင်ကား စီးရေ ၄၀ ရှိသည့်အနက် ယင်းတိုက်ခိုက်မှုကြောင့် ၁၆ စီးမှာ လုံးဝပျက်စီးသွားကြောင်း သတင်းများက ဆိုသည်။

အင်တာနက်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား မလေးရှားနိုင်ငံ Prestige Platform Sdn. Bhd မှ Chief Operating Officer Mr. Ng. Chee Joong နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Puli Construction Engineering Co.,Ltd. President, Mr.Liu Jian Ye နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီးရုံး ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပဲခူးတိုင်းဒေသကြီး သာဂရစက်မှုနယ်မြေ၌ အကောင်အထည်ဖော်လျက်ရှိသော အကြီးစားဒီဇယ်အင်ဂျင်များဖြစ်သည့် 2200-2700 HP Diesel Engine နှင့် 6200-7000 HP Diesel Engine များ ထုတ်လုပ်မှုစီမံကိန်းနှင့် စပ်လျဉ်း၍ လုပ်ငန်းခွင်သင်တန်းသားများ စေလွှတ်လေ့ကျင့်ရေး၊ Spares Parts များ ထုတ်လုပ်ရောင်းချရေး၊ ပစ္စည်းများ အမြန်တင်ပို့ရေးနှင့် စီမံကိန်းကိုသတ်မှတ်ကာလအတွင်း ပြီးစီးအောင် အကောင်အထည်ဖော်ရေးတို့အတွက် နှစ်ဖက်ကြိုးပမ်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးဌေးဦးအား ဧည့်သည်အဖွဲ့များ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား မလေးရှားနိုင်ငံ Prestige Platform Sdn. Bhd မှ Chief Operating Officer Mr. Ng. Chee Joong နှင့်အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍတွင် ဆီအုန်းစိုက်ပျိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးကြသည်။

အလားတူ ဝန်ကြီးဦးဌေးဦးအား Panasonic Electronic Works Co.,Ltd. မှ Director Mr.Aral Hitoshi နှင့် အဖွဲ့သည်လည်း မွန်းလွဲ ၁ နာရီတွင် လာရောက်တွေ့ဆုံပြီး အထွက်နှုန်းမြင့်သော ချဉ်ပေါင်လျှော် စိုက်ပျိုးရေးနှင့် ပြည်ပဈေးကွက်ရရှိရေး ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စမ်းချောင်းမြို့နယ် အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပရာ ကျောင်းတွင်းဘက်စုံ ထူးချွန်ဆုရ စတုတ္ထတန်းမှ မပြည့်ဖြိုးဝေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းလွင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

အိမ်ရာဆောက်လုပ်ရေး ပညာရပ်ဆိုင်ရာ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် Wah Seong Boustead Co.,Ltd. တို့ ပူးပေါင်းစီစဉ်မှုဖြင့် ရန်ကုန်မြို့ တက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room ၌ မတ် ၁ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ "Solid Wall System for use in Myanmar" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲ တစ်ရပ်ကို ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ Corporate Member Companies များနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၄၁/၄၂)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၂)၊ စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ် (၇၀/၇၁)သင်တန်းများဆင်းပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သင်တန်းဆင်းအမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၅

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၄၁/၄၂)၊ အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၂၂)၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၇၀/၇၁) သင်တန်းများဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင် တက်ရောက်၍အမှာစကားပြောကြားသည်။

စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၄၁)သို့ သင်တန်းသူ ၁၈ ဦး၊ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၄၂)သို့ သင်တန်းသူ ၂၆ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၂)သို့ သင်တန်းသူ ၂၀၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၇၀)သို့ သင်တန်းသူ ၃၅ ဦး၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၇၁)သို့ သင်တန်းသူ ၂၄ ဦး စုစုပေါင်းသင်တန်းသူ ၁၂၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လေးနှစ်အာမခံ AUX လေအေးပေးစက်များ ဖြန့်ဖြူး

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရာသီဥတု ပူအိုက်မှုဒဏ်ကြောင့် လုပ်ငန်းများအပေါ် စိတ်ဝင်စားမှုနည်းသည့် ခံစားရမှုများမှ ကင်းဝေး၍ သာယာရွှင်လန်း အေးချမ်းပေါ့ပါးသော ကိုယ်စိတ်တို့ဖြင့် လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် အနေအထားမျိုးကို AUX လေအေးပေးစက်များက အထောက်အကူပြုလျက်ရှိသည်။

AUX လေအေးပေးစက်များသည် စွမ်းအင်ချွေတာသည့် Dual Rotor Compressor ပါဝင်သောကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီစေကြောင်း၊ အရည်အသွေးမြင့်ပစ္စည်းများ အသုံးပြုထားသော်လည်း ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ကြကြောင်း၊ ထို့အပြင် Auto Restart System ပါရှိခြင်း၊ အအေးနှုန်း လျင်မြန်ခြင်း၊အအေးဧရိယာ ပိုမိုကျယ်ပြန့်ခြင်း၊ Digital Display ပါရှိခြင်း၊ 4 Way System Air-Flow ပါရှိခြင်း၊ Japanese Branded Compressor and Circuit အသုံးပြုထားခြင်း၊ အရည်အသွေးမြင့် ပစ္စည်းများကိုသာ အသုံးပြုထားသည့်အတွက် Long Time Quality ဖြစ်ခြင်း စသည့်အချက်များကြောင့် သုံးစွဲသူများ၏ ကြိုက်နှစ်သက်ခြင်းကို အထူးရရှိလျက်ရှိသည်။

အရည်အသွေးမြင့်မားပြီး မြန်မာပြည်တွင် ပထမဦးဆုံး လေးနှစ်အာမခံပေးထားသော AUX လေအေးပေးစက်များကို ၅% Discount ပေးထားသည်။

AUX အမှတ်တံဆိပ်လေအေးပေးစက်များအား လေ့လာခြင်း၊ ဝယ်ယူအားပေးခြင်းတို့ကို အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ကြီးများနှင့် တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သည့် United Asia Co.,Ltd. အမှတ်(၂၂၅) အနော်ရထာလမ်း (၁၁) လမ်းထိပ်နှင့် လှည်းတန်းလမ်းကြား လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၀၈၃၄၊ ၂၁၈၀၂၁ နှင့် Fax : ၀၀၉၅-၁-၂၂၈၃၈၄ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း သိရသည်။ (သတင်းစဉ်)

ကျောင်းကုန်းမြို့ မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်မှုအား မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးညွန့်ဝင်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မွန်ပြည်နယ် အထူးကုဆရာဝန်ကြီးများအဖွဲ့ အခမဲ့ကွင်းဆင်းကုသ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မွန်ပြည်နယ် အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းကုသခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် ပေါင်မြို့နယ် ရင်းငြိမ်တောင်ကျေးရွာ ရင်းငြိမ်တိုက်နယ်ဆေးရုံ၌ ကျင်းပရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းနှင့် ပြည်နယ်အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ရင်းငြိမ်တောင်ကျေးရွာနှင့် ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် အောက်ကွင်းရွာများမှ ကျေးရွာပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ခွဲစိတ်ကုသခြင်းလုပ်ငန်းများကို အခမဲ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြပြီး ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင် ဦးဆောင်သည့်အဖွဲ့က ဆေးကုသမှုခံယူသည့်လူနာများအား အစားအသောက်နှင့် ဆေးပစ္စည်းများ ထောက်ပံ့ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် စုစုပေါင်းလူနာ ၈၅၆ ဦးအား အခမဲ့ဆေးကုသပေးခဲ့ပြီး မျက်စိလူနာ ၂၀၈ ဦးအနက် အတွင်းတိမ်လူနာ ၃၆ ဦးအား အခမဲ့ခွဲစိတ်ကုသမှုခံယူနိုင်ရန် မော်လမြိုင်ဆေးရုံကြီးသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်းရွာစံပြကျေးရွာ နှစ်တစ်ရာပြည့်ပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မင်းရွာစံပြကျေးရွာ၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲတော်ကို ဧပြီ ၄ ရက်မှ ၇ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ဦးမင်းငွေထွန်း(ဥက္ကဋ္ဌ) (ကျေးရွာရယက) မင်းရွာစံပြကျေးရွာ ကော့ကရိတ်မြို့နယ် ကရင်ပြည်နယ် ဖုန်း-၀၉-၈၇၃၁၄၂၆၊ ဦးနိုင်တင့်ခိုင် (ဒု-ဥက္ကဋ္ဌ) ၁၆/ဗဟိုလမ်းကြား၊ မရမ်းကုန်းရပ် မော်လမြိုင်မြို့ မွန်ပြည်နယ် ဖုန်း-၀၅၇-၂၂၀၉၁၊၀၉-၈၇၀၀၂၆၇ တို့သို့ ဆက်သွယ်နိုင်သည်။ ဇာတိချက်ကြွေမွေးရပ်မြေနှင့် ကင်းကွာနေသော မိတ်သင်္ဂဟအားလုံး ပါဝင်တက်ရောက်နိုင်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

မိမိတို့နေအိမ်တွင် မီးသတိပြုရန်

(က) အိမ်နှင့်ခြံဝင်းအတွင်း အမှိုက်သရိုက်များကို သန့်ရှင်းစွာထားပါ။
(ခ) မီးချိတ်၊ မီးကပ်၊ သံပုံး၊ လှေခါးများကို စနစ်တကျထားရှိပါ။
(ဂ) မီးငြိမ်းသတ်ရန် သဲသန့်ရေလှောင်ထားပါ။
(ဃ) လိုအပ်ပါက မီးသတ်ဆေးဘူးထားပါ။
(င) လောင်စာဆီများ မသိုလှောင်ပါနှင့်။
(စ) လောင်စာဆီအနီး မီးခြစ် ခြစ်ခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း မပြုလုပ်ပါနှင့်။
(ဆ) ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို အောက်ခံခွက်မပါဘဲ အသုံး မပြုပါနှင့်။
(ဇ) လူမရှိဘဲ ဖယောင်းတိုင်၊ မီးခွက်မထွန်းပါနှင့်။
(ဈ) ဆေးလိပ်တိုများကို မီးငြိမ်းပြီးမှ ပစ်ပါ။

မီးသတ်ဦးစီးဌာန

ဥတုရာသီ တောကိုမှီ၏

စိမ်းလန်းပါစေ ကမ္ဘာမြေ

မောင်မောင်မျိုး(ပဲခူး)

သဘာဝဆိုတာ လူတွေရဲ့ စီမံဆောင်ရွက်မှုမပါဘဲ ဖြစ်မြဲသဘော၊ ဒါမှမဟုတ် အလိုအလျောက်ဖြစ်တဲ့ သဘောသာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ဆိုတာကတော့ မြေထု၊ ရေထု၊ လေထု၊ ရာသီဥတုစတာတွေပါဝင်တဲ့ လူ့ပတ်ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာအကြောင်းအချက်တွေ၊ တိရစ္ဆာန်တွေနဲ့ အပင်အမျိုးမျိုးတို့ရဲ့ သက်ရှိဇီဝဆိုင်ရာ အကြောင်းအချက်တွေ၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနဲ့ အလှအပဆိုင်ရာအကြောင်းအချက်တွေပဲ ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ဖို့ အတွက် အဓိကအရေးပါတဲ့ လုပ်ငန်းစဉ်တစ်ခုကတော့ သစ်တောထိန်းသိမ်းတဲ့လုပ်ငန်းပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ကမ္ဘာ့သစ်တောစိမ်းလန်းရေးကို အာဆီယံနိုင်ငံတွေက စတင်ဆောင်ရွက်ဖို့ စီမံကိန်းတွေ ချမှတ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ သဘာဝပတ်ဝန်းကျင်ကို ယိုယွင်းစေတဲ့ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီလို ဖြစ်ပေါ်ရတဲ့ အဓိကအကြောင်းအရင်းတွေကတော့ ကမ္ဘာမြေရဲ့ သဘာဝသယံဇာတတွေကို ထုတ်ယူသုံးစွဲမှုအလွန်အမင်း များပြားလာခြင်းနဲ့ ဖွံ့ဖြိုးလာတဲ့ စက်မှုလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကုန်သွယ်ရေးလုပ်ငန်းကဏ္ဍအသီးသီးက ထုတ်လွှတ်တဲ့ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့တွေနဲ့ စွန့်ပစ်ပစ္စည်းတွေကြောင့် ရေထု၊ လေထု၊ မြေထုညစ်ညမ်းမှုတွေတိုးပွားလာခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၈၀၀၀ လောက်က ကမ္ဘာမြေဧရိယာရဲ့ ၅၀ ရာခိုင်နှုန်းဟာ သစ်တောတွေနဲ့ ဖုံးလွှမ်းနေပြီး အခုဆိုရင် ၃၀ ရာခိုင်နှုန်းအောက်အထိ လျော့နည်းသွားပြီဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်ကနေ ၂၀၀၅ ခုနှစ်အတွင်း တောင်အမေရိကတိုက်မှာဆိုရင် နှစ်စဉ် ဧက ၁၀ ဒသမ ၆ သန်းဆုံးရှုံးခဲ့ပြီး အာဖရိကနိုင်ငံတွေမှာဆိုရင် ဧက ၉ ဒသမ ၈ သန်း ဆုံးရှုံးခဲ့ပါတယ်။ ဒီလို သစ်တောတွေ ပျက်စီးပြုန်းတီးရတဲ့ အကြောင်းကတော့ လူဦးရေတိုးတက်လာမှုကြောင့် စားနပ်ရိက္ခာအတွက် လယ်ယာစိုက်ပျိုးမြေအဖြစ် ပြောင်းလဲခြင်း၊ တရားမဝင်သစ်ထုတ်ခြင်း၊ ခုတ်လှဲထုတ်ယူမှုနည်းစနစ်မမှန်ကန်ခြင်း၊ အလွန်အကျွံစားကျက်ချခြင်းနဲ့ တောမီးလောင်ကျွမ်းခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်။

သစ်တောသစ်ပင်တွေဟာ ရာသီဥတုမျှတအောင် ပြုလုပ်ပေးရာမှာ အဓိကကျတဲ့ အခန်းကဏ္ဍက ပါဝင်နေပါတယ်။ သစ်တောဖုံးလွှမ်းမှု တစ်စထက်တစ်စ ယုတ်လျော့လာတာနဲ့အမျှ သဲကန္တာရဖြစ်ထွန်းလာမယ့် အလားအလာအနေအထားတွေပေါ်ပေါက်လာနေသလို သစ်တောထိန်းသိမ်းနိုင်မှု အားနည်းလာတာနဲ့အမျှ ကာဗွန်ထုတ်လွှတ်မှုပမာဏများလာလေဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကိုလည်း ပိုပြီးခံစားကြရမှာဖြစ်ပါတယ်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် အပူပိုင်းမုန်တိုင်းဖြစ်ပေါ်မှုကြိမ်နှုန်းတွေ ပိုများလာတာတွေ့ရပါတယ်။ သဘာဝဘေးကြောင့် နှစ်စဉ် ပျမ်းမျှ လူပေါင်းခြောက်သောင်းခန့်သေဆုံးနေပြီး ငတ်မွတ်ခေါင်းပါးမှုဒုက္ခတွေနဲ့လည်း ကြုံတွေ့နေကြရပါတယ်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုဟာ ကမ္ဘာကြီးပူနွေးလာမှုအပေါ် မူတည်နေပါတယ်။ ကမ္ဘာကြီးပူနွေးလာရတာကလည်း လေထုထဲမှာ အပူထိန်းဓာတ်ငွေ့ (Green House Gas) အနေနဲ့ ရှိသင့်တဲ့ ပမာဏထက် ပိုလာလို့ပဲဖြစ်ပါတယ်။ အပူထိန်းဓာတ်ငွေ့ပမာဏကို တိုးလာစေတဲ့အကြောင်းတွေကတော့ ဒီဇယ်၊ ဓာတ်ဆီ၊ မီးသွေးတို့ လောင်ကျွမ်းမှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့တွေ များပြားလာခြင်း၊ သစ်တောပြုန်းတီးမှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူမှုနည်းသွားခြင်း၊ မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိတဲ့ မီသိန်းဓာတ်ငွေ့ရဲ့ အပူစုပ်ယူမှုအားကောင်းခြင်း၊ ဓာတ်မြေဩဇာများအလွန်အကျွံသုံးစွဲခြင်းနဲ့ လေအေးပေးစက်၊ ရေခဲသေတ္တာ၊ အအေးခန်းတွေမှာ အသုံးပြုတဲ့ ဓာတုပစ္စည်းတွေကြောင့်ပဲ ဖြစ်ပါတယ်။

ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှုတွေကို နေရာဒေသတိုင်းလိုလိုမှာ တွေ့နေရပါတယ်။ တချို့ဒေသတွေမှာ မိုးခေါင်မှုတွေ ဖြစ်ပေါ်ပြီး တချို့ဒေသတွေမှာ မိုးရွာသွန်းမှုများတာကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်းတွေ ဖြစ်ပေါ်ခဲ့ရပါတယ်။ တရုတ်၊ တောင်ကိုရီးယားနဲ့ အမေရိကန်နိုင်ငံတွေမှာ ဆိုရင် လွန်ခဲ့တဲ့ ဆောင်းရာသီမှာ ဆီးနှင်းတွေ မကြုံစဖူးထူးထူးကဲကဲ ကျရောက်ခဲ့ပါတယ်။ ဥရောပနိုင်ငံတွေမှာဆိုရင်လည်း သာမန် ဆောင်းတွင်းအပူချိန်ထက် သိသိသာသာ လျော့နည်းခဲ့တာကို တွေ့ရှိရပါတယ်။ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလတုန်းက ဥရောပတိုက်တစ်ဝန်းမှာ နှင်းမုန်တိုင်းတွေကျရောက်ခဲ့သလို မိုးသည်းထန်စွာရွာသွန်းမှုကြောင့်လည်း ပနားမားတူးမြောင်းကိုတောင် ခေတ္တ ပိတ်ထားခဲ့ရပါတယ်။

၂၀၁၀ ပြည့်နှစ်အတွင်း ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲဖောက်ပြန်မှုတွေကြောင့် နိုင်ငံတကာမှာ မီးတောင်ပေါက်ကွဲမှု၊ မြေငလျင်လှုပ်မှု၊ ရေလွှမ်းမှု၊ မြေပြိုမှု၊ မုန်တိုင်းတိုက်ခတ်မှု၊ အပူလှိုင်းကျရောက်မှု၊ တောမီးလောင်ကျွမ်းမှုစတာတွေ ဖြစ်ပွားခဲ့တဲ့အတွက် ကမ္ဘာ့ပြည်သူတွေ သဘာဝဘေးဒုက္ခတွေနဲ့ ရင်ဆိုင်ကြုံတွေ့ခံစားခဲ့ရတာကို လေ့လာတွေ့ရှိနိုင်ပါတယ်။

ဟေတီနိုင်ငံမှာ ဇန်နဝါရီလ ၁၂ ရက်နေ့က မြို့တော် ပို့အော်ပရင့်စ်ရဲ့ အနောက်တောင်ဘက် ၁၁ မိုင်အကွာကို ဗဟိုပြုပြီး ရစ်ချ်တာစကေး ၇ ဒသမ သုညရှိ အင်အားပြင်းထန်တဲ့ ငလျင်ကြီးလှုပ်ခဲ့မှုကြောင့် နေအိမ်တွေ ထောင်ချီ၍ ပြိုကျပျက်စီးခဲ့ရကာ လူပေါင်းနှစ်သိန်းနီးပါး သေဆုံးခဲ့ရပါတယ်။ ဒါ့အပြင် နိုင်ငံလူဦးရေရဲ့ သုံးပုံတစ်ပုံခန့်ဟာ ငလျင်ဘေးနဲ့ ကြုံတွေ့ခဲ့ရပါတယ်။

ချီလီနိုင်ငံ ကွန်ဆက်ရှင်းရဲ့ အရှေ့မြောက်ဘက် မော်လီဒေရဲ့ ကမ်းလွန်ဒေသမှာ ဖေဖော်ဝါရီလ ၂၇ ရက်နေ့က ရစ်ချ်တာစကေး ၈ ဒသမ ၈ရှိ အင်အားပြင်းထန်တဲ့ မြေငလျင်လှုပ်ခဲ့တဲ့အတွက် သေဆုံးသူ ၅၂၀ ဦးရှိပြီး ၅၆ ဦး ပျောက်ဆုံးခဲ့ပါတယ်။

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့မှာ ဧပြီလ ၇ ရက်နေ့က မိုးသည်းထန်စွာရွာသွန်းခဲ့တဲ့အတွက် ရေလွှမ်းမှု၊ မြေပြိုမှုတွေ ဖြစ်ပွားပြီး ဒေသခံ ၇၇ ဦးသေဆုံးခဲ့ရပါတယ်။ နိုင်ငံအတွင်း သဘာဝဘေးကြောင့် ဒုက္ခရောက်ရတာဟာ နှစ်ပေါင်း ၃၀ အတွင်း အဆိုးရွားဆုံး ဖြစ်ခဲ့ရပါတယ်။

အမေရိကအလယ်ပိုင်း ဂွါတီမာလာနိုင်ငံနဲ့ အယ်လ်ဆာဗေဒိုနိုင်ငံတွေရဲ့ ကုန်းတွင်းပိုင်းကို မေလ ၃၁ ရက်နေ့က အက်ဂါတာအပူပိုင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့တဲ့အတွက် လူ ၉၆ ဦး သေဆုံးခဲ့ရပါတယ်။

တရုတ်နိုင်ငံ ကွီကျိုပြည်နယ်နဲ့ ကွမ်စီကျွမ်းဒေသတွေမှာ ဇွန်လ ၂ ရက်နေ့က မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ပြီး ဒေသခံ ၁၁ ဦး သေဆုံးခဲ့ရကာ နေအိမ် ၅၂ လုံး ပျက်စီးခဲ့ရတဲ့အပြင် စိုက်ပျိုးမြေ ဟက်တာ ၄၀၀၀ ကျော်ပါ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။

စပိန်နိုင်ငံ အနောက်တောင်ပိုင်းဒေသတွေမှာ ဇွန်လ ၃ ရက်နေ့က အပူလှိုင်းကျရောက်ခဲ့ရာ အပူချိန် ၃၆ ဒီဂရီဆဲလ်စီးရပ်စ်အထိရှိခဲ့ပြီး စပိန်နိုင်ငံရဲ့ နွေရာသီမှာတော့ အပူချိန်အမြင့်ဆုံးစံချိန် ဖြစ်ခဲ့ပါတယ်။

မက္ကဆီကိုနိုင်ငံအရှေ့မြောက်ပိုင်း လီနွန်အရပ်မှာ ဇူလိုင်လ ၄ ရက်နေ့က မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့တဲ့အတွက် ခုနစ်ဦးသေဆုံးခဲ့ပြီး လူဦးရေတစ်သိန်းခန့်ဟာ လေဘေးဒုက္ခနဲ့ ကြုံတွေ့ခံစားခဲ့ရပါတယ်။

ရုရှားနိုင်ငံရဲ့ ဒေသခုနစ်ခုအတွင်းမှာ အပူရှိန်မြင့်တက်ရာမှ ဇူလိုင်လ ၁၀ ရက်နေ့က တောမီးအကြီးအကျယ်လောင်ကျွမ်းခဲ့တဲ့အတွက် သစ်တောဧက သုံးသိန်း ထိခိုက်ပျက်စီးခဲ့ရပါတယ်။ တောမီးကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်အဆိပ်ငွေ့တွေဖြစ်ပေါ်ပြီး ပြည်သူတွေအသက်ရှူကျပ်ကာ နာမကျန်းဖြစ်ခဲ့ရပါတယ်။ မီးခိုးမြူတွေဟာ မြို့တော်မော်စကိုတစ်ခွင်လုံး ဖုံးလွှမ်းခဲ့တဲ့အတွက် လေကြောင်းခရီးစဉ်တွေ ဖျက်သိမ်းခဲ့ရပါတယ်။ တောမီးကြောင့် သေဆုံးသူ ၅၀ ကျော်ရှိပြီး ၃၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။

နယူးဇီလန်နိုင်ငံမှာ ခရစ်ချပ်ချ်မြို့ရဲ့ အနောက်ဘက် ၁၉ မိုင်ခန့်အကွာ မြေအောက်ခြောက်မိုင်ကို ဗဟိုပြုပြီး စက်တင်ဘာလ ၄ ရက်နေ့က ရစ်ချ်တာစကေး ၇ ဒသမ ၁ အင်အားရှိ ငလျင်လှုပ်ခဲ့ရာ နေအိမ်တွေ၊ တံတားတွေ၊ ဓာတ်ငွေ့သိုလှောင်ကန်တွေနဲ့ မဟာဓာတ်အားလိုင်းတာဝါတိုင်တွေ ပြိုကျပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ လူပေါင်း ၄၀၀၀၀ ကျော် ငလျင်ဒဏ်ခံစားခဲ့ရပြီး ၅၂ ဦး သေဆုံးကာ ပျက်စီးဆုံးရှုံးမှုပမာဏအနေနဲ့ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်ခန့် ရှိခဲ့ပါတယ်။

အာဖရိကတိုက်အနောက်ပိုင်းနဲ့ အလယ်ပိုင်းတွေမှာ အောက်တိုဘာလ ၁၅ ရက်နေ့က ရေလွှမ်းမှုကြောင့် ၃၇၇ ဦးသေဆုံးခဲ့ပါတယ်။ နိုင်ဂျာနိုင်ငံမှာလည်း မိုးသည်းထန်စွာရွာသွန်းပြီး နိုင်ဂျာမြစ်နဲ့ အခြားမြစ်တွေမှာ မကြုံစဖူးထူးကဲမြစ်ရေတက်မှုကြောင့် ရေလွှမ်းမှုတွေဖြစ်ပွားခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှာ ဆူမားတြားကျွန်းရဲ့ အနောက်ဘက် ကမ်းလွန်ပင်လယ်ကြမ်းပြင်အောက် ၁၂ ဒသမ ၈ မိုင်ကို ဗဟိုပြုပြီး အောက်တိုဘာလ ၂၅ ရက်နေ့က ရစ်ချ်တာစကေး ၇ ဒသမ ၇ ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့တဲ့အတွက် ဆူနာမီရေလှိုင်းတွေဖြစ်ပေါ်ခဲ့ပါတယ်။ ငလျင်လှုပ်မှုနဲ့ အမြင့်ကိုးပေရှိတဲ့ ဆူနာမီရေလှိုင်းတွေ ရိုက်ခတ်မှုကြောင့် ဒေသခံပြည်သူ ၄၃၅ ဦးသေဆုံးခဲ့ပြီး ၁၀၀ ကျော်ပျောက်ဆုံးခဲ့ပါတယ်။ ဆူနာမီရေလှိုင်းတွေဟာ ကမ်းခြေမှ ကုန်းတွင်းပိုင်း ပေ ၁၈၀၀ ကျော်အထိ ဝင်ရောက်ခဲ့တဲ့အတွက် လူ ၂၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး မိသားစု ၄၀၀၀ ကျော်ဟာ ဆူနာမီဒဏ်နဲ့ ကြုံတွေ့ခံစားခဲ့ရပါတယ်။

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအလယ်ပိုင်းမှာရှိတဲ့ မီရာပီမီးတောင်ဟာ အောက်တိုဘာလ ၂၆ ရက်နေ့က ပေါက်ကွဲခဲ့ရာ လူပေါင်း ၃၀၄ ဦး အသက်ဆုံးရှုံးခဲ့ရပါတယ်။

ကိုလံဘီယာနိုင်ငံမှာ ဒီဇင်ဘာလ ၇ ရက်နေ့က မိုးသည်းထန်ပြီး ရေလွှမ်းမှုကြောင့် ၁၇၄ ဦးသေဆုံးကာ လူပေါင်း ၁ ဒသမ ၅ သန်း အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။ ဒါ့အပြင် နေအိမ်တွေထောင်ချီပြီးတော့လည်း ရေလွှမ်းခံခဲ့ရပါတယ်။

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းမှာ ဒီဇင်ဘာလ ၁၃ ရက်နေ့က နှင်းမုန်တိုင်းတွေ တိုက်ခတ်မှုနဲ့ ပေကျင်းမြို့မှာ လေပြင်းတွေတိုက်ခတ်မှုတို့ကြောင့် ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ လေယာဉ်ခရီးစဉ်ပေါင်း ၂၀၀ ကျော်ကို ရွှေ့ဆိုင်းခဲ့ရပါတယ်။

အမေရိကန်နိုင်ငံတစ်ဝန်း ဒီဇင်ဘာလ ၁၄ ရက်နေ့က ဆီးနှင်းတွေထူထပ်သိပ်သည်းစွာကျဆင်းခဲ့တဲ့အတွက် စာသင်ကျောင်းတွေပိတ်ထားရပြီး လေယာဉ်ခရီးစဉ် ၄၀၀ ကျော်ကို ဖျက်သိမ်းခဲ့ရပါတယ်။

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်းမှာ ဒီဇင်ဘာလ ၃၀ ရက်နေ့က လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ၁၆ ဦး သေဆုံးပြီး ပြည်နယ် ၂၆ ခုမှာရှိတဲ့ ဒေသခံပြည်သူ ၆၃၀၀၀ ဟာ မုန်တိုင်းဒဏ်ခံစားကြရကာ လူဦးရေ ၄၉၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။ အဲဒီမုန်တိုင်းဒဏ်ကြောင့် ရေလွှမ်းမှုနဲ့ မြေပြိုမှုတွေဖြစ်ပွားခဲ့ရာ ပီရီတိုစန်တိုပြည်နယ်မှာ ငါးဦးသေဆုံးပြီး ရေစီးထဲ နှစ်ဦးမျောပါခဲ့ကာ မီနာဂျီရိစ်ပြည်နယ်မှာတော့ လူ ၁၁ ဦး သေဆုံးခဲ့ရပါတယ်။

၂၀၁၀ပြည့်နှစ်အတွင်း ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့တဲ့ ငလျင်၊ အပူလှိုင်း၊ ရေကြီးမှု၊ တောမီးလောင်မှု၊ ဆိုင်ကလုန်းမုန်တိုင်း၊ အပူပိုင်းမုန်တိုင်းနဲ့ ဆီးနှင်းမုန်တိုင်းစတဲ့ သဘာဝဘေးအန္တရာယ်တွေကြောင့် ကမ္ဘာ့လူဦးရေ ၂၀၈ သန်းခန့်ဟာ ဘေးဒုက္ခရောက်ခဲ့ကြပြီး ၂၅၀၀၀၀ ကျော် သေဆုံးခဲ့ရပါတယ်။ တစ်နှစ်တည်းမှာပဲ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၁၀ ဆုံးရှုံးခဲ့ရပြီး ၂၀၁၀ ပြည့်နှစ်ဟာ နှစ်ပေါင်း ၃၀ ကျော်ကာလအတွင်းမှာ သေဆုံးမှုအများဆုံးနှစ်ဖြစ်ခဲ့ပါတယ်။

၂၀၁၁ခုနှစ်အတွင်းမှာလည်း ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲဖောက်ပြန်မှုတွေကြောင့် နိုင်ငံတကာမှာ လေပြင်းမုန်တိုင်းတိုက်ခတ်မှု၊ ရေလွှမ်းမှု၊ တောမီးလောင်ကျွမ်းမှု၊ ဆီးနှင်းတွေဖုံးလွှမ်းမှု စတာတွေ ဖြစ်ပွားခဲ့တဲ့အတွက် ကမ္ဘာ့ပြည်သူတွေ သဘာဝဘေးဒုက္ခတွေနဲ့ ရင်ဆိုင်ကြုံတွေ့ခံစားနေရတာကို လေ့လာတွေ့ရှိနိုင်ပါတယ်။

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်မှာ ဇန်နဝါရီလ ၃ ရက်နေ့က လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့ပေါင်း ၂၀ ကျော်မှာ ရေလွှမ်းမှုတွေဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူ နှစ်သိန်းကျော်ဟာ ရေဘေးဒုက္ခနဲ့ ကြုံတွေ့ခဲ့ရပြီး လူအချို့ ပျောက်ဆုံးခဲ့ပါတယ်။ အချို့နေရာတွေမှာ ပေ ၃၀ အမြင့်အထိ ရေလွှမ်းခဲ့ရာ ဩစတြေးလျနိုင်ငံသမိုင်းတစ်လျှောက်မှာတော့ အဆိုးရွားဆုံးရေလွှမ်းမှုပဲ ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တောင်ပိုင်းမှာ ဇန်နဝါရီလ ၆ ရက်နေ့က တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဧက ၈၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး ဂျမ်ဝယ်စ်နဲ့ ကလီဘတ်အရပ်တွေမှာ နေအိမ်အချို့ မီးလောင်ခံခဲ့ရပါတယ်။

ဘရာဇီးနိုင်ငံ တစ်ဝန်းမှာ ဇန်နဝါရီလ ၇ ရက်နေ့က မိုးသည်းထန်စွာရွာသွန်းခဲ့တဲ့အတွက် ရေလွှမ်းပြီး မြေပြိုခဲ့ရာ နေအိမ် ၃၀၀၀၀ ခန့် ရေလွှမ်းခဲ့ပြီး ဒေသခံ ၃၅ ဦးကျော်သေဆုံးခဲ့ကာ လူပေါင်း ၂၀၅၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။ ဆော်ပေါလိုမြို့မှာ ဇန်နဝါရီလ ၁၃ ရက်နေ့က မိုးသည်းထန်ပြီး ရေလွှမ်းမှုတွေ ဖြစ်ပေါ်ခဲ့ရာ သေဆုံးသူ ၂၅၇ ဦးအထိ ရှိခဲ့ပါတယ်။ တီရီဆိုပိုလစ်မြို့မှာလည်း ရေလွှမ်းမှုနဲ့ မြေပြိုမှုတွေကြောင့် လူပေါင်း ၁၃၀ သေဆုံးခဲ့ရပါတယ်။ ဒါ့အပြင် မုန်တိုင်းတိုက်ခတ်မှုနဲ့ ရေလွှမ်းမှုတို့ကြောင့် ဇန်နဝါရီလ ၂၁ ရက်နေ့အထိ သေဆုံးသူ ၇၇၂ ဦးအထိ ရှိခဲ့ပါတယ်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းဒေသတွေဖြစ်တဲ့ စူရီဂါရို့ရှူဆမ်နဲ့ မာဂန်ဒါနာရိုပြည်နယ်တွေမှာ ဇန်နဝါရီလ ၆ ရက်နေ့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုနဲ့ ရေလွှမ်းမှုတွေဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူ ၉၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါတယ်။ ဇန်နဝါရီလ ၁၃ ရက်နေ့အထိ သေဆုံးသူဦးရေ ၄၂ ဦးရှိခဲ့ပြီး ကောက်ပဲသီးနှံ ပျက်စီးဆုံးရှုံးမှုပမာဏဟာ အမေရိကန်ဒေါ်လာ ၂၃ သန်းဖိုးအထိ ရှိခဲ့ပါတယ်။ ရေဘေးဒုက္ခနဲ့ ကြုံတွေ့ခံစားနေရတဲ့ ပြည်သူဦးရေဟာ လေးသိန်းခန့်ရှိပြီး မြို့နယ်ပေါင်း ၈၀ ခန့်မှာ ရေလွှမ်းမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်ဇီပြည်နယ် ကျူကျင်းမြို့မှာ ဇန်နဝါရီလ ၁၈ ရက်နေ့က အအေးလွန်ကဲပြီး နှင်းမိုးရွာချခဲ့တဲ့အတွက် ယာဉ်သွားလာရေးခက်ခဲကာ လျှပ်စစ်မီးလည်း ပြတ်တောက်ခဲ့ရပါတယ်။ ကျဆင်းခဲ့တဲ့ နှင်းထုမှာ ၈ စင်တီမီတာအထိ ရှိခဲ့ပါတယ်။

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းမှာ ဇန်နဝါရီလ ၂၇ ရက်နေ့က နှင်းမုန်တိုင်းတွေ တိုက်ခတ်ခဲ့ရာ ယာဉ်သွားလာရေးပြတ်တောက်ခဲ့ရပြီး ဝါရှင်တန်ဒီစီနဲ့ ပင်ဆယ်ဗေးနီးယားတို့မှာရှိတဲ့ စာသင်ကျောင်းတွေ ပိတ်ထားရကာ လေယာဉ်ခရီးစဉ်တွေလည်း ဖျက်သိမ်းခဲ့ရပါတယ်။

နယူးဇီလန်နိုင်ငံ အထက်ပိုင်းဒေသတွေမှာ ဇန်နဝါရီလ ၂၉ ရက်နေ့က ဝီလ်မာဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ နေအိမ်အများအပြား ပျက်စီးခဲ့ရပါတယ်။ မိုးရွာသွန်းမှုကြောင့်လည်း အဝေးပြေးလမ်းတွေနဲ့ နေအိမ်တွေဟာ ရေနစ်မြုပ်ခံခဲ့ရပါတယ်။

ဩစတြေးလျနိုင်ငံ အရှေ့မြောက်ကမ်းခြေဒေသမှာ ဖေဖော်ဝါရီလ ၂ ရက်နေ့က အင်အားပြင်းထန်တဲ့ ယာဆီဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ အဲဒီမုန်တိုင်းရဲ့ အဖျက်စွမ်းအားဟာ အမေရိကန်နိုင်ငံ နယူးအော်လင်းပြည်နယ်မှာ ၂၀၀၅ ခုနှစ်က တိုက်ခတ်ခဲ့တဲ့ ကတ်ထရီနာမုန်တိုင်းနဲ့ နှိုင်းယှဉ်နိုင်လောက်တဲ့ အခြေအနေအထိဖြစ်ပါတယ်။ အဲဒီအပြင် ဒါဝင်မြို့မှာလည်း ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ကားလို့စ်ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့တဲ့အတွက် ကျောင်းတွေနဲ့ လေဆိပ်တွေ ပိတ်ထားခဲ့ရပါတယ်။

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်း၊ အလယ်ပိုင်းနဲ့ အရှေ့ပိုင်းတွေမှာ ဖေဖော်ဝါရီလ ၃ ရက်နေ့က မိုးသည်းထန်စွာရွာသွန်းခဲ့တဲ့အတွက် သုံးဦးသေဆုံးပြီး ၄၃၀၀၀ ကျော်သောင်တင်နေခဲ့ပါတယ်။ အမ်ဗာရာ၊ ထရင်းကိုမာလီနဲ့ ဗာဗူနီယာခရိုင်တွေမှာ ရေဘေးဒုက္ခသည် ၁၀၀၄၃ ဦးရှိပြီး လုံးဝပျက်စီးခဲ့တဲ့ အိမ်ခြေ ၇၀၂ လုံး ရှိခဲ့ပါတယ်။

ဩစတြေးလျနိုင်ငံ ပါ့သ်မြို့ရဲ့ မြောက်ဘက်နဲ့ တောင်ဘက်တွေမှာ ဖေဖော်ဝါရီလ ၅ ရက်နေ့က စတင်လောင်ကျွမ်းခဲ့တဲ့ တောမီးတွေကြောင့် သစ်တောဧက ၄၀၀၀ ဆုံးရှုံးခဲ့ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့◆

တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး မိုးပြဲကျေးရွာ နယ်မြေခံတပ်ရင်း ကြည့်ရှုစစ်ဆေး မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦးသည် ဖေဖော်ဝါရီ ၁၄ ရက်တွင် မိုးပြဲကျေးရွာ နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး တပ်ရင်းအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ တပ်မိသားစုဝင်များအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဖယ်ခုံတပ်နယ် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၆ ရက်တွင် ဖယ်ခုံတပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအားတွေ့ဆုံပြီး တပ်မိသားစုဝင်များ အတွက် ချီးမြှင့်ငွေများပေးအပ်သည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၇ ရက်တွင် တောင်ကြီးမြို့ အဝေရာကုန်းသာယာကွင်း၌ ကျင်းပသည့် မြန်မာ့ရိုးရာထမနဲပွဲတော် အခမ်းအနားသို့ တက်ရောက်၍ ပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားကာ ပြိုင်ပွဲဝင်အသင်းများ ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကိုဆက်လက်ကျင်းပရာ တိုင်းမှူးက ပထမ၊ ဒုတိယနှင့် တတိယဆုရအသင်းများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်းသတင်း ရရှိသည်။ (သတင်းစဉ်)

ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကို အလှဒီဇိုင်း အပွင့်ပုံဖော်ဖန်တီးနည်း စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ယနေ့ခေတ်၏ လူ့အဖွဲ့အစည်း နေရာအသီးသီးတွင် ခေတ်မီတိုးတက်မှု၊ အဆင့်အတန်းမြင့်မားသပ်ရပ်မှုတို့သည် မရှိမဖြစ်မပါမပြီး နေရာယူလျက်ရှိသည်။ နေရာတိုင်း၌ ဝတ်စားဆင်ယင်မှုမှအစ အစားအသောက် ကိစ္စရပ်များတွင်ပါ ခေတ်မီသေသပ်လှပသော ဒီဇိုင်းများကရှေ့တန်းရောက်လာသည်။ ဤသို့သောအနေအထားတွင် အိမ်ရှင်မများ၊ ဟိုတယ်နှင့်စားသောက်ဆိုင်များ အစားအသောက်များကိုပြင်ဆင်၍ မျက်စိပသာဒကျအောင် လှလှပပဖန်တီးလိုသူများအတွက် ရည်ရွယ်၍ ဟင်းသီးဟင်းရွက်နှင့် သစ်သီးတို့ကို စားချင်စဖွယ်ဖြစ်အောင် အလှပုံဖော်နည်းများအား စာရေးသူ"နှင်းမြတ်သွယ်"မှ စုစည်းပြီး (ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကို အလှဒီဇိုင်း အပွင့်ပုံဖော်ဖန်တီးနည်း) အမည်ဖြင့် စာအုပ်တစ်အုပ် ရေးသားထုတ်ဝေလာပါသည်။

မှာကြားဝယ်ယူနိုင်

၎င်းစာအုပ်တွင် အခြေခံသိသင့်သော အချက်များ၊ အသီးအနှံများကို ရွေးချယ်နည်း၊ ဒီဇိုင်းပုံဖော်ထားသော အသီးအနှံများအားတာရှည်ခံအောင်ထိန်းသိမ်းနည်း၊ အလှဒီဇိုင်းပုံဖော်ရာတွင် လိုအပ်သော ပစ္စည်းများ၊ လီလီပန်း၊ ကြာပန်းပွင့်၊ ဖရုံသီးဖြင့် သစ်ရွက်ပုံဖော်ခြင်း၊ ဖရုံသီးဖြင့် အပေါက်ပုံပါသော သစ်ရွက်ပုံ ဖော်ခြင်း၊ ဂန္ဓမာပန်းပုံ၊ နှင်းဆီပန်း၊ မုန်လာဥနီဖြင့် သစ်ရွက်အလှပုံဖော်ခြင်း၊ လိပ်ပြာပုံ၊ မုန်လာဥနီဖြင့် ပြုလုပ်သော ဘောလုံးပန်း၊ မုန်လာဥနီဖြင့်ပြောင်းဖူး၊ ကျောက်ခက် သဏ္ဌာန်မုန်လာဥနီ၊ ခရမ်းချဉ်သီးနှင်းဆီပွင့်၊ ခရမ်းချဉ်သီး နှင်းဆီပွင့်(တစ်နည်း)၊ ခရမ်းချဉ်သီးကြာပန်း၊ ခရမ်းချဉ်သီး ပွင့်ဖတ်လေးဖတ်၊ နှင်းဆီဖြူ ငန်းဖြူ အဖြူရောင်ထပ်တစ်ရာပန်း၊ Green Coreopsis၊ ကျောက်ပန်းခက်၊ ပိန်းပန်း၊ ကြာပန်း၊ ရှောက်ချိုသီး(သို့)သံပရာသီး၊ နာနတ်သီးစိတ်၊ လိပ်ပြာပုံ၊ နာနတ်သီးစိတ်၊ သစ်ရွက်ပုံ သဘော်သီးစိတ်၊ လိပ်ပြာသဏ္ဌာန် သဘော်သီးစိတ်၊ နှင်းဆီပန်းပုံ သခွားမွှေးသီး၊ ဖရဲသီးစိတ်အလှ၊ လင်းပိုင်ငါး၊ သစ်ရွက်သဏ္ဌာန် သရက်သီးစသဖြင့် အသေးစိတ်ရေးသားတင်ပြထားပြီး ဒီဇိုင်းအလှပုံဖော်နည်း ၃၀ မျိုးကို သရုပ်ဖော်ရောင်စုံဓာတ်ပုံများနှင့်တကွ ရှင်းပြထားသည်။ တစ်နိုင်ငံလုံးသို့ စာမူခွင့်ပြုချက်အမှတ် ၄၀၁၁၇၉၁၀၁၀ ဖြင့် စာပေလောက(၅) စာအုပ်ဆိုင်အမှတ် (၁၃၈/၁၄၀)(ပထမထပ်) ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁ ၇၂၁၈၁၇မှ ဖြန့်ချိပြီး မှာကြားဝယ်ယူနိုင်ပြီဟု သိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၆-၂-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၂၀ ၅။ ဓမ္မပူဇာတေး
- ၇း၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၇။ မြန်မာ့ရှုခင်း
- ၇း၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၉။ သာယာသီကြွေး၏ ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
- ၁၁း၁၅ ၄။ အဖွင့်သီချင်း
- ၁၁း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၆။ ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၃၃)
- ၁၂း၀၀ ၇။ **ရုပ်မြင်သံကြားဇာတ်လမ်း -ပျော်ပါစေရည်ရွယ်ရင်း (မြင့်မြတ်၊ မိုးဟေကို) (ဒါရိုက်တာ-ကိုပေါက်)**
- ၁း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၂း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေး ပြယ်ပါစေ (အပိုင်း-၄၄)**
- ၂း၅၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၃း၀၀ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၇ ၃။ နိုင်ငံတော်သီချင်း
- ၄း၁၃ ၄။ အဖွင့်သီချင်း
- ၄း၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၆။ မြန်မာသံစဉ်
- ၄း၃၀ ၇။ တိုင်းကျိုးပြည်ပြု တည်ဆောင်မှု
- ၄း၄၀ ၈။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄း၅၀ ၉။ ကုန်သွယ်သုတ
- ၄း၅၅ ၁၀။ ရန်သူမီး
- ၅း၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၂။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၅။ စားဖို့ဆောင်ချစ်သူ
- ၆း၅၀ ၁၆။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၄၂)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ လူ့ရှင်တော်စတား
- ၂၃။ အင်္ဂလိပ်စာသုတ
- ၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရင်၌တည်သောသစ္စာ (အပိုင်း-၈)**
- ၂၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း(အပိုင်း-၃၁)**
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

◆ စာမျက်နှာ ၆ မှ

၂၀၁၀ပြည့်နှစ်လိုပဲ ၂၀၁၁ ခုနှစ်မှာလည်း သဘာဝဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့နေရတာကြောင့် ဖေဖော်ဝါရီလ ၉ရက်နေ့က ကျင်းပခဲ့တဲ့ ကုလသမဂ္ဂ အထွေထွေညီလာခံ သဘာဝဘေးအန္တရာယ်လျှော့ပါးရေး ဆွေးနွေးပွဲမှာ တက်ရောက်လာကြတဲ့ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၂ နိုင်ငံတို့က သဘာဝဘေးကြောင့် သေဆုံးမှု အရေအတွက် များပြားခြင်းကို လျော့နည်းသွားစေရေး အလေးအနက်ထားပြီး ဆွေးနွေးခဲ့ကြပါတယ်။

ပင်လယ်ရေအပူချိန်တွေ မြင့်တက်လာပြီး ရေငွေ့ပြန်နှုန်းများလာမယ်ဆိုရင် မိုးကြီးခြင်း၊ မုန်တိုင်းတွေဖြစ်ပေါ်ခြင်းစတာတွေဖြစ်လာနိုင်ပါတယ်။ ဒါ့အပြင် မြောက်ဝင်ရိုးစွန်းမှာရှိတဲ့ ရေခဲပြင်တွေအရည်ပျော်လာမှုကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာပြီး ရေကြီးမှုဒုက္ခရောက်နိုင်မယ့်အနေအထားလည်း ဖြစ်လာနိုင်ပါတယ်။ မိုးရွာသွန်းမှုနည်းပါးတဲ့ အရပ်ဒေသတွေမှာဆိုရင်လည်း မိုးခေါင်ပြီး သဲကန္တာရတွေနှစ်စဉ်ပိုပြီး ဖြစ်ပေါ်လာနိုင်တာကို တွေ့ရပါတယ်။

အီဂျစ်နိုင်ငံရဲ့ ဂျုံအများအပြားစိုက်ပျိုးရာနိုင်းမြစ်ဝကျွန်းပေါ်ဒေသဟာ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာပြီး ဆားငန်ရေတွေဝင်ရောက်မှုကြောင့် လယ်သမားတွေအဖို့ စိုက်ပျိုးမြေတွေ လက်လွတ်ဆုံးရှုံးခဲ့ရပါတယ်။ ကမ္ဘာကြီးပူနွေးလာမှုဟာ မြစ်ဝကျွန်းပေါ်ဒေသမှာရှိတဲ့ စိုက်ပျိုးမြေသယံဇာတတွေ၊ ခရီးသွားလုပ်ငန်းနဲ့ လူတွေရဲ့ ပြောင်းရွှေ့အခြေချနေထိုင်မှုတွေအပေါ် များစွာအကျိုးသက်ရောက်မှုရှိနေတဲ့အပြင် အဲဒီဒေသရဲ့ပျက်စီးလွယ်တဲ့ ဂေဟစနစ်ကိုလည်းရိုက်ခတ်ခြိမ်းခြောက်လျက်ရှိပါတယ်။ ၂၀၂၅ ခုနှစ်မှာ ပင်လယ်ရေမျက်နှာပြင်ဟာ စင်တီမီတာ ၃၀ ခန့် မြင့်တက်လာနိုင်ပြီး ခန့်မှန်းခြေ စတုရန်းကီလိုမီတာ ၂၀၀ အကျယ်အဝန်းရှိတဲ့ မြေဧရိယာတွေကိုရေလွှမ်းသွားနိုင်ပါတယ်။ အကျိုးသက်ရောက်မှုအနေနဲ့ ဒေသခံလူ ငါးသိန်းခန့်ပြောင်းရွှေ့ကြရမှာဖြစ်ပြီး အလုပ်လက်မဲ့ ခုနစ်သောင်းခန့်ဖြစ်သွားနိုင်ကြောင်း လေ့လာမှုတွေအရ သိရှိရပါတယ်။ နိုင်းမြစ်ဝကျွန်းပေါ်ဒေသ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုဟာ လက်ရှိအခြေအနေထက် ပိုပြီး ဆိုးရွားလာမယ်ဆိုရင် အစာရေစာ ငတ်မွတ်ခေါင်းပါးမှုတွေနဲ့ ကြုံတွေ့ရမှာသာဖြစ်ပါတယ်။ ။

(ဆက်လက်ဖော်ပြပါမည်)

လယ်ဝေး အထက(၂) (ယခင်အလကမြွေရိုးကြီး) မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

လယ်ဝေး အထက(၂) (ယခင် အလကမြွေရိုးကြီး) ၁၉၆၈ ခုနှစ်နောက်ပိုင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၆ ရက်(စနေနေ့)နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာဦးတင်ဖေ ဖုန်း-၀၆၇-၃၀၂၂၅၊ ဦးစိုးထွန်း ဖုန်း-၀၆၇-၃၀၆၇၁၊ ဦးကျော်ဆန်း ဖုန်း-၀၆၇-၃၀၀၅၁၊ ဦးထိန်လင်း ဖုန်း-၀၆၇-၃၀၅၇၇၊ ၀၆၇-၃၀၃၉၂၊ ဦးထွန်းနိုင် ဖုန်း-၀၆၇-၃၀၄ ၈၀၊ ဒေါ်စည်စည်ထွန်း ဖုန်း-၀၉-၄၉၂၀၉၀ ၄၁နှင့်ဒေါက်တာသန်းထွန်း ဖုန်း-၀၂၈၁၃၉ ၂၈၊ ဖုန်း-၀၉-၅၁၁၄၅၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

အမြို့မြို့အနယ်နယ်တွင် တိုးတက်စည်ပင်

ပေါက်တောမြို့ အမှတ်(၃)ရပ်ကွက် စောပြည့်ညိုလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က အဆိုပါလမ်းထိပ် မုခ်ဦး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသာအေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင် ဖေဖော်ဝါရီ ၅ ရက်က ကော့သောင်းမြို့ မြို့အဝင်ဆိုင်းဘုတ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖေဖော်ဝါရီ ၁၁ ရက်က ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မိုးဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တာဝန်ခံဦးဝင်းမြင့်နိုင်နှင့် တပ်ဖွဲ့ဝင်များပူးပေါင်း၍ မြို့မဈေးကြီးရှေ့ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြစဉ်။ (၁၃)

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးလုံခြုံရေးအတွက်လျှပ်စစ်မီးကြိုးများသွယ်တန်းထားမှု အခြေအနေကို ဖေဖော်ဝါရီ ၅ရက်က အမှုဆောင်အရာရှိ ဦးအောင်သက်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်အောင်သန့်တို့ ကြီးကြပ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဖြေဆိုနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲနှင့် ထမနဲထိုးပြိုင်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် ပြိုင်ပွဲဝင်အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အရာရှိ၊ စစ်သည်များ ဖြေဆိုနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် နန်းမြို့ ဆုတောင်းပြည့်ဘုရား၌ ကျင်းပသော ထမနဲထိုးပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ဆုပေးပွဲအခမ်းအနားတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိကြသည့်အသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးအောင်ကြည်အား အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်အား အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Guy Ryder ခေါင်းဆောင်သည့် ILO မစ်ရှင်အဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရပ်များ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးချစ်ရှိန်နှင့်ဦးသန်းဝင်းတို့ တက်ရောက်ကြပြီး ILO အမှုဆောင်ညွှန်ကြားရေးမှူးနှင့်အတူ ILO အဖွဲ့ရုံး အလုပ်သမားရေးရာ "စံ" များဌာန ဒုတိယညွှန်ကြားရေးမှူး Ms. Karen Curtis၊ အကြီးတန်းဥပဒေအရာရှိ Mr. Drazen Petrovic နှင့် ILO ဆက်သွယ်ရေးအရာရှိ Mr. Steve Marshall တို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေး

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်သည့် ILO ရေးရာလုပ်ငန်းအဖွဲ့ဝင်များသည် နှစ်ဖက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ အနာဂတ်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ မွန်းလွဲပိုင်းတွင် အဆိုပါ မစ်ရှင်အဖွဲ့သည် လူကုန်ကူးမှု တားဆီးကာကွယ်ရေးကော်မတီ၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံးတို့သည် အဓမ္မခိုင်းစေမှု ပပျောက်ရေးဆိုင်ရာ နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာကို ၁၂ လ ထပ်မံ သက်တမ်းတိုးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၂-၂၀၁၁ (စနေနေ့)

[၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၈) ရက်၊ ဥပုသ်နေ့]

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ ကဗျာပန်းဥယျာဉ်
- ၈း၂၅ ၈။ အကပြိုင်ပွဲ
- ၈း၃၀ ၉။ "မင်းမသိသေးပါဘူးကွာ"
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂း၄၀ ၅။ Yan Can Cook
- ၁း၀၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၁၉)**
- ၁း၅၀ ၇။ **ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ**
- ၁း၅၅ ၈။ "မဟော်သဓာ"
- ၂း၂၀ ၉။ "နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ"
- ၂း၃၀ ၁၀။ "ရိုးသားစွာကြိုးစားပါ"
- ၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၆။ လူငယ်နှင့် ဆေးလိပ်အန္တရာယ်
- ၅း၂၀ ၇။ အတီးပြိုင်ပွဲ
- ၅း၄၅ ၈။ တေးဂီတအစီအစဉ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆း၃၅ ၁၂။ ယဉ်တစ်ကိုယ်မယ်
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-၂၅)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၁၀၂)**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကွန်ဖူးချစ်သူ" (အပိုင်း-၉)**
- ၁၉။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၁။ အစီအစဉ်ပြီး၏။

အဆင့်မြင့်လုံးချင်းအိမ်ရာစီမံကိန်း ပန္နက်တင်အခမ်းအနား မြို့တော်ဝန် ဦးဖုန်းဇော်ဟန် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အဆင့်မြင့် လုံးချင်းအိမ်ရာစီမံကိန်း ပန္နက်တော်တင်နှင့် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ် (မြောက်ပိုင်း) ကိုယ်ပိုင်အိမ်ရာ စီမံကိန်းနယ်မြေအတွင်း၌ ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ကုမ္ပဏီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မင်္ဂလာအချိန်တွင် ပန္နက်တိုင်များကို ရိုက်သွင်း၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ပန္နက်တိုင်များကို တွင်းတော်ဝန်းမင်္ဂလာပြုလုပ်ပေးကာ အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် မြို့တော်ဝန်သည် ကိုယ်ပိုင်အိမ်ရာ တည်ဆောက်ရေး စီမံကိန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ချမ်းအေးသာစံမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လမ်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်းစိန်မြို့ အမှတ်(၁၂၇)ခ/၅ လမ်း မြို့သစ် (က+ခ) ရပ်ကွက်နေ နှစ်ဖက်မိဘများအား ရည်စူး၍ ဦးတင်ဦး -ဒေါ်ယဉ်ယဉ်မြင့် (ယဉ်ယဉ်မြင့် ရတနာရွှေဆိုင်)၊ သားကြီး ကိုကျော်စိုးဦး၊ ဗိုလ်ကြီး ရဲမြင့်၊ သမီးကြီး မအေးမြတ်ကြည်၊ သမီးငယ် မကေခိုင်ဦးမိသားစုက တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာတွင် ပဒေသာပင် ငွေကျပ်တစ်သိန်းလှူဒါန်းရာ မိဘဂုဏ် ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးမြသိန်း လက်ခံစဉ်။

(ကြေးမုံ)

အင်္ဂပူမြို့နယ် ခြောက်ရွာအထက(ခွဲ) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

အင်္ဂပူ ဖေဖော်ဝါရီ ၂၅

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ခြောက်ရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများက တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများအား ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၁၉ ရက်(အင်္ဂါနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအားလုံးနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးလှရှိန် ဖုန်း-၀၁-၅၃၉၂၃၄၊ ဦးသောင်းတင် ဖုန်း-၀၁-၇၂၇၄၂၀၊ ဦးကြန့်ဟင်း ဖုန်း-၀၉-၅၀၆၁၃၉၇၊ ဒေါ်စိုးမိုးသန်း ဖုန်း-၀၉-၄၉၃၂၇-၇၈၈၊ ဦးသန်းလွင် ဖုန်း-၀၉-၈၆၂၀၈၆၀၊ ဦးဆန်းဦး(ခြောက်ရွာ) ဖုန်း-၀၉-၈၆၀၂၇၈၅၊ ဦးကြည်ညွန့် ဖုန်း-၀၉-၈၆၁၅၃၇၁၊ ဒေါ်စန္ဒာလင်း ဖုန်း-၀၉-၄၉၇၁၉၂၇၅၊ ဦးဗိုလ်ဗိုလ်ဇင် ဖုန်း-၀၉-၄၉၇၄၇၀၅၃နှင့် ကိုကျော်လင်း (မှန်ကုန်း) ဖုန်း-၀၉-၄၉၇၄၆၄၈၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး စီးပွားရေးအရ အရေးပါသည့် ငါးသလောက် ငါးမျိုးသယံဇာတ ထိန်းသိမ်းရေး စာတမ်းများဖတ်ပွဲ အခမ်းအနား၌ အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ငါးသလောက်ငါးမျိုး သယံဇာတထိန်းသိမ်းရေး စာတမ်းဖတ်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော စီးပွားရေးအရ အရေးပါသည့် ငါးသလောက်ငါးမျိုး သယံဇာတ ထိန်းသိမ်းရေး စာတမ်းများဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ ဆောင်၌ ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် စာတမ်းရှင် ၁၀ ဦးတို့က ငါးသလောက်ငါးမျိုး သယံဇာတ ထိန်းသိမ်းရေးဆိုင်ရာ စာတမ်းများကို ဖတ်ကြားတင်ပြကြရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းပညာရှင်များ၊ တက္ကသိုလ်/ကောလိပ်များမှ ပါမောက္ခနှင့် ဆရာ၊ ဆရာမများ၊ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများက သိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးကြသည်။

ယင်းနောက် သဘာပတိက စာတမ်းများအပေါ် ငါးသလောက် ငါးမျိုးသယံဇာတ ထိန်းသိမ်းရေး အမျိုးသားအဆင့် ဆောင်ရွက်မှု အစီအမံများ ပြုစုအတည်ပြုချက်ရယူပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ

❍ ကျောဖုံးမှ

ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရွှေနေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ယုဇနဘိလပ်မြေ စက်မှုလုပ်ငန်းများ လီမိတက် ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်က ထုံးကျောက်၊ ကျောက်မီးသွေး အကြီးစားတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ယုဇနဘိလပ်မြေစက်မှုလုပ်ငန်းများ လီမိတက် ဥက္ကဋ္ဌ ဦးဌေးမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ယုဇနဘိလပ်မြေစက်မှုလုပ်ငန်းများ လီမိတက်နှင့် အမှတ်(၃) သတ္တုတွင်းလုပ်ငန်းတို့ လုပ်ငန်းသဘောတူစာချုပ်ကို ဦးဆောင်ညွှန်ကြားရေးမှူး၊ ဥက္ကဋ္ဌနှင့် အသိသက်သေများက လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် ဝန်ကြီး ဦးအုန်းမြင့်က ဓာတ်သတ္တုအကြီးစား ထုတ်လုပ်ရန် ခွင့်ပြုမိန့်ကို ယုဇနဘိလပ်မြေ စက်မှုလုပ်ငန်းများလီမိတက် ဥက္ကဋ္ဌအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုက်ထိုမြို့နယ်၌ ကျေးလက်တံတားဖွင့်ပွဲ ကျင်းပ

ကျိုက်ထို ဖေဖော်ဝါရီ ၂၅

ကျိုက်ထိုမြို့နယ် ဖက္ကလိပ်ကျေးရွာအုပ်စု ကြာဖြူကျေးရွာ ကျေးလက်တံတားဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီက အဆိုပါတံတား၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေးစီမံကိန်း မွန်/ကရင်ပြည်နယ်တာဝန်ခံ ဦးဝင်းထင်၊ မြို့နယ်တာဝန်ခံ ဦးဇော်ထွန်းဦးနှင့် ဝန်ထမ်းများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကြာဖြူကျေးရွာ ကျေးလက်တံတားအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်း၊ ဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေးစီမံကိန်း မွန်/ကရင်ပြည်နယ်တာဝန်ခံ ဦးဝင်းထင်၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ဦးတင်အေးနှင့် ကျေးရွာရာအိမ်မှူး ဦးမောင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကျေးလက်တံတား ရေရှည်တည်တံ့ရေးဆွေးနွေးပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် မွန်/ကရင်ပြည်နယ် စီမံကိန်းတာဝန်ခံ ဦးဝင်းထင်တို့က အမှာစကား ပြောကြားပြီး ကျေးရွာရာအိမ်မှူး ဦးမောင်ဦးက တံတားဖြစ်ပေါ်လာပုံနှင့် တံတားနှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါတံတားသည် အလျားပေ ၂၀၊ အနံ ၁၂ပေ၊ အမြင့် ရှစ်ပေရှိပြီး စီမံကိန်းမှ ၂၅ သိန်းကျော်နှင့် ကျေးရွာမှ ရှစ်သိန်းကျော် စုစုပေါင်း ၃၄ သိန်းကျော်ကုန်ကျခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

❖ မည်သည့်ပညာရပ်မှ

ဒုတိယအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲသို့ ကြေးမုံသတင်းအဖွဲ့ သွားရောက် သတင်းရယူ မှတ်တမ်းတင်ခဲ့သည်။

ရှေးဦးစွာ ကြေးမုံသတင်းအဖွဲ့သည် မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာသန်းမောင်အား တွေ့ဆုံခဲ့ရာ "မည်သည့်ပညာရပ်မဆို သုတေသနလုပ်ငန်းဟာ အဓိကကျပါတယ်။ ဒီလိုစာတမ်းဖတ်ပွဲတွေကတစ်ဆင့် စာတမ်းရှင်တွေ သုတေသနပြု ဖော်ထုတ်တင်ပြထားတဲ့ အကြောင်းအရာတွေကို ကျောင်းသား၊ ကျောင်းသူတွေသိရှိလေ့လာခွင့်ရတဲ့အတွက် သူတို့မှာ ဒီလိုမျိုး သုတေသနလုပ်ငန်းတွေ လုပ်ချင်ကိုင်ချင်စိတ်ရှိလာမယ်။ မြန်မာ့တိုင်းရင်းဆေးရဲ့ ခက်ခဲနက်နဲတဲ့ အဆီအနှစ်ပိုင်းဆိုင်ရာတွေကို ပိုမိုလေ့လာလိုစိတ်ရှိလာမယ်။ လက်ရှိအခြေအနေမှာ တိုင်းရင်းဆေးတက္ကသိုလ်မှာ သင်တန်းဆင်းဘွဲ့ရ ၈၀၀ နီးပါး မွေးထုတ်ပေးခဲ့ပြီး တချို့လည်း လုပ်ငန်းခွင်တွေမှာ ပြန်လည်တာဝန်ထမ်းဆောင်နေသလို မိမိဘဝအသက်မွေးဝမ်းကျောင်းအတွက် လုပ်ကိုင်နေကြတာတွေလည်းရှိပါတယ်။ ဒါ့အပြင် မဟာဘွဲ့သင်တန်းအတွက် သင်ရိုးညွှန်းတမ်းတွေလည်း ပြင်ဆင်ဆောင်ရွက်နေပါတယ်"ဟု တိုင်းရင်းဆေးတက္ကသိုလ်မှ သင်ကြားပေးနေမှုနှင့် ဆက်စပ်ပြောကြားသွားသည်။

ဆက်လက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန သုတေသနဖွံ့ဖြိုးရေးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က "တိုင်းရင်းဆေး သုတေသနစာတမ်းဖတ်ပွဲတွေရဲ့ အရေးပါပုံနဲ့ ထူးခြားပုံကတော့ အခြားသော ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲတွေနဲ့ မတူဘူး။ ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲတွေဟာ သက်ဆိုင်ရာဘာသာရပ်ပညာရှင် အချင်းချင်းတင်ပြဆွေးနွေးကြတာဖြစ်တယ်။ တိုင်းရင်းဆေးသုတေသနစာတမ်းတွေကျတော့ တိုင်းရင်းဆေးပညာရှင်တွေ၊ ဆရာဝန်တွေ၊ ဓာတုဗေဒပညာရှင်တွေ၊ ရုက္ခဗေဒပညာရှင်နဲ့ သစ်တောပညာရှင်တွေ စသည်ဖြင့် အစုံပါတယ်။ ဒီလိုမျိုး ဘာသာရပ်မတူညီတဲ့ ပညာရှင်တွေဟာ တိုင်းရင်းဆေးပညာကို အခြေခံပြီး တစ်ဦးနဲ့ တစ်ဦးပညာဖလှယ်ကြ၊ ငြင်းခုံကြနဲ့ မိမိတို့ ဘာသာရပ်တွေရဲ့ နီးနွယ်ဆက်စပ်နေမှုကို ပိုမိုသိမြင်လာကြတာဟာ ထူးခြားမှု တစ်ခုလို့ဆိုရမှာ ဖြစ်တယ်။ နောက်တစ်ခုကတော့ သုတေသနလုပ်ငန်းတွေကတစ်ဆင့် စံချိန်

"သုတေသနလုပ်ငန်းတွေကတစ်ဆင့် စံချိန်စံညွှန်းမီ ဆေးဝါးတွေ ထုတ်လုပ်လာနိုင်"

ဦးဝင်းမြင့်
ညွှန်ကြားရေးမှူး
(မန္တလေးတိုင်းရင်းဆေးပညာဦးစီးဌာန)

စံညွှန်းမီဆေးဝါးတွေ ထုတ်လုပ်လာနိုင်တဲ့အတွက် ပြည်သူတွေကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုပိုမိုပေးလာနိုင်ပါတယ်"ဟု သုတေသန စာတမ်းဖတ်ပွဲများ၏ အကျိုးသက်ရောက်မှုကို ပြောပြသည်။

သုတေသနစာတမ်းဖတ်ပွဲ ကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့သော ဂရိတ်ဝေါတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှူး ဦးမောင်မောင်ဦးက "ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှုအောက်မှာ ထွန်းရွှေဝါ၊ ကေသီပန်၊ မှန်ချိုု၊ မောရိယစတဲ့ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းရှင်တွေက စာတမ်းဖတ်ပွဲ ကျင်းပနိုင်ရေးအတွက် အဓိကပံ့ပိုးကူညီပေးကြပါတယ်။ တိုင်းရင်းဆေးပညာလောက ဖွံ့ဖြိုးဖို့နဲ့ ပြည်သူတွေရဲ့ ကျန်းမာရေး ပိုမိုထိရောက်စွာ စောင့်ရှောက်ပေးနိုင်ဖို့အတွက် သုတေသနစာတမ်းဖတ်ပွဲများ အဆင့်အတန်းရှိရှိ စဉ်ဆက်မပြတ်ဆောင်ရွက်လာနိုင်တာကိုလည်း ဝမ်းသာပီတိဖြစ်မိပါတယ်"ဟု ဆေးဝါးထုတ်လုပ်သူများအပိုင်းက တိုင်းရင်းဆေး ဖွံ့ဖြိုးတိုးတက်စေရန် ပါဝင်အားဖြည့်မှုများကို ပြောပြသွားသည်။

တိုင်းရင်းဆေးတက္ကသိုလ်အပတ်စဉ် (၁) ကျောင်းဆင်း အေးသာယာတိုင်းရင်းဆေးရုံ(တောင်ကြီး)မှ လက်ထောက်တိုင်းရင်းဆေးမှူး ဦးမျိုးဝင်းကလည်း "တိမ်မြုပ်ပျောက်ကွယ်နေတဲ့ မြန်မာတိုင်းရင်းဆေးပညာရပ်တွေကို ဖော်ထုတ်ပြီး သုတေသနစာတမ်းအဖြစ် တင်သွင်းဖတ်ကြားဆွေးနွေးမှုတွေကို တွေ့မြင်ကြားသိရတဲ့အတွက် တိုင်းရင်းဆေးနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ ပိုမိုတိုးပွားလာပါတယ်။ သုတေသနပြု ကုသတဲ့အတွက် ဆေးနည်းတွေဟာ ကုသမှုအပိုင်းမှာ ပိုမိုထိရောက်မှုရှိလာသလို ဒီလိုဆက်လက်သုတေသနပြုဖော်ထုတ်သွားမယ်ဆိုရင် မြန်မာ့တိုင်းရင်းဆေးဟာ ကမ္ဘာမှာထင်ပေါ်ကျော်ကြားလာမှာပါဟု" သုတေသနစာတမ်းဖတ်ပွဲများမှ ရရှိလာနိုင်မည့် ဗဟုသုတများနှင့် ၎င်း၏ထင်မြင်ယူဆချက်တို့ကို ပြောပြသွားသည်။

"တိုင်းရင်းဆေးနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေ ပိုမိုတိုးပွားလာ"

ဦးမျိုးဝင်း
လက်ထောက်တိုင်းရင်းဆေးမှူး
(အေးသာယာတိုင်းရင်းဆေးရုံ-တောင်ကြီး)

"မည်သည့်ပညာရပ်မဆို သုတေသနလုပ်ငန်းဟာ အဓိက ကျပါတယ်"

ဒေါက်တာသန်းမောင်
ပါမောက္ခချုပ်
(မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်)

မြန်မာ့တိုင်းရင်းဆေးအပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှုနှင့် ပတ်သက်၍ မန္တလေးတိုင်းရင်းဆေးရုံကြီး အထွေထွေရောဂါကုသရေးဌာနမှ တိုင်းရင်းဆေးမှူး ဒေါ်ခင်မိုးကလည်း "အရင်နဲ့စာရင် ဆေးရုံမှာ လူနာတွေ ပိုမိုလာရောက်

"သုတေသန စာတမ်းဖတ်ပွဲများ အဆင့်အတန်းရှိရှိ စဉ်ဆက်မပြတ်ဆောင်ရွက်လာနိုင်တာကို ဝမ်းသာပီတိဖြစ်မိ"

ဦးမောင်မောင်ဦး
ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ကုသမှုခံယူလာတာကိုကြည့်ရင် မြန်မာ့တိုင်းရင်းဆေးကို ပြည်သူတွေ ပိုမိုလက်ခံယုံကြည်သုံးစွဲလာကြလို့ ဖြစ်ပါတယ်။ ဒါဟာလည်း တိုးတက်လာတဲ့ ဆေးနည်းသစ်၊ ကုသမှုနည်းသစ်တွေကြောင့် လူနာတွေ ပျောက်ကင်းသက်သာမှု ရရှိလို့ ယုံကြည်ကိုးစားလာတာဖြစ်ပါတယ်"ဟု မြန်မာ့တိုင်းရင်းဆေး အဆင့်အတန်း မြင့်မားလာမှုအပေါ် ၎င်း၏ အတွေ့အကြုံနှင့်ယှဉ်၍ ပြောပြသွားသည်။

အထက်ပါတွေ့ဆုံမေးမြန်းခဲ့သမျှသည် သုတေသနလုပ်ငန်းများနှင့် ဆက်နွှယ်ပြီး မြန်မာ့တိုင်းရင်းဆေးလောက ဖွံ့ဖြိုးလာမှုများအပေါ် ၎င်းတို့၏ အမြင်သဘောထားများပင်ဖြစ်ပါသည်။ စာတမ်းဖတ်ပွဲတွင် တင်သွင်းဖတ်ကြား ဆွေးနွေးခဲ့ကြပုံများနှင့် စာတမ်းရှင်များ၏ သုတေသနပြုတွေ့ရှိချက်များကို ဆက်လက်ဖော်ပြသွားပါမည်။ ။

"လူနာတွေ ပျောက်ကင်းသက်သာမှုရရှိလို့ ယုံကြည်ကိုးစားလာတာဖြစ်ပါတယ်"

ဒေါ်ခင်မိုး
တိုင်းရင်းဆေးမှူး
(မန္တလေးတိုင်းရင်းဆေးရုံကြီး)

UMFCCI ၌ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် UMFCCI Training Institute ၌ LCCI သင်တန်းများ ဖွင့်လှစ်ရန်နှင့် LCCI Exam Center အဖြစ် ဆောင်ရွက်ရန်တို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ Education Resources Pte., Ltd. နှင့် British Council Myanmar တို့အကြား နားလည်မှု စာချွန်လွှာ (Memorandum of Understanding) လက်မှတ်ရေးထိုးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်မြို့ရှိ ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ များဖြစ်ကြသော ဦးဝင်းအောင်၊ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးသောင်းတင်၊ ဦးထွန်းအောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ၊ Educational Resources Pte., Ltd. မှ Chief Operations Officer, Mr. Mark Joseph Disney@Markram Abdullan နှင့် Manager (EDI), Mr. Luke Wales၊ British Council Myanmar မှ Director, Mr. Alan Smart နှင့် Exam Services Manager ဒေါ်ဝင်းဒီတင်ဝင်းကြည်တို့ တက်ရောက်ကြပြီး ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါက်တာမျိုးသက်၊ Educational Resources Pte., Ltd. မှ Chief Operations Officer, Mr. Mark Joseph Disney @ Markram Abdullan၊ Manager (EDI), Mr. Luke Wales၊ British Council Myanmar မှ Director, Mr. Alan Smart နှင့် Exam Services Manager ဒေါ်ဝင်းဒီတင်ဝင်းကြည်တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးရဲမင်းထွန်း၊ ကျန်းမာရေးမှူး(၂) နှင့် အဖွဲ့ အနေးယာဉ်(ဆိုက္ကား) လိုင်စင်လဲလှယ်ရာတွင် ခုခံအားကျဆင်းမှုရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးဌာနနှင့် ပူးပေါင်း၍ အနေးယာဉ်(ဆိုက္ကား) နင်းသူများအား ကာလသားရောဂါပိုး(ဆစ်ဖလစ်)ရှိ၊ မရှိ သွေးနမူနာ ဖောက်ယူစစ်ဆေးဆောင်ရွက်နေစဉ်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သာယာဝတီမြို့နယ် ကရုဏာသွေးလှူရှင်အဖွဲ့သို့ သုံးဆယ်မြို့ အနောက်လမ်းသစ်တန်းနေ ကွယ်လွန်သူ ဦးမျိုးနိုင်အားရည်စူး၍ ဆေးပဒေသာပင် အလှူငွေကျပ် ၅၀၀၀၀ နှင့် အောက်ဆီဂျင်တစ်ဘူး၊ မော်တော်ဆိုင်ကယ်တစ်စီးတို့အား ကျန်ရစ်သူမိသားစုက သွေးအလှူရှင်အဖွဲ့သို့ လှူဒါန်းစဉ်။

(ခရိုင် ပြန်/ဆက်)

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအပါအဝင် ဈေးများကို ဖေဖော်ဝါရီ ၁၉ ရက်က ဈေးမီးဘေးကြိုတင်ကာကွယ် တားဆီးနိုင်ရေးအတွက် ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင် လိုက်လံကြည့်ရှုစစ်ဆေးရာ စည်ပင်အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးထွန်းသိန်းတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြနှင့် ကျေးလက် အချိုးညီညီ တိုးတက်စေရန်အတွက် ရွှေဒါး-ကန့်အောက်ကျေးလက်လမ်းကျောက် ချောခင်းခြင်းလုပ်ငန်းကို ဒေါ်ကြည်ကြည်ဌေး (အငယ်တန်းအင်ဂျင်နီယာ-၂) အနီးကပ်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။

(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများ ပြုပြင်ရှင်းလင်းထားပါ။

(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ တူးဖော်ဆောက်လုပ်ပါ။

(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိမ်နံဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။

(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

မီးသတ်ဦးစီးဌာန

ပြည်နယ်နှင့် တိုင်းဒေသကြီး စက်ဘီးစီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) စက်ဘီးစီးအားကစားလေ့ကျင့်ရေး ကွင်း၌ ကျင်းပသော ၂၀၁၁ခုနှစ် (၄၁)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး စက်ဘီးစီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဆုချီးမြှင့်သည်။

ရှေးဦးစွာ ဗိုလ်လုပွဲများကျင်းပပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရိုးရိုးစက်ဘီးစီး အမျိုးသမီး မီတာ(၃၀၀၀) အမီလိုက်ပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တတိယဆုရ ဧရာဝတီတိုင်းဒေသကြီး အသင်းတို့အားလည်းကောင်း၊ပြိုင်စက်ဘီးစီး အမျိုးသား မီတာ(၄၀၀၀) အမီလိုက်ပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်အသင်း၊ ဒုတိယဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းနှင့် တတိယဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား လည်းကောင်း မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသား ရိုးရိုးစက်ဘီးစီး ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရ မြတ်မင်းထွန်း (မကွေးတိုင်းဒေသကြီးအသင်း)၊ အမျိုးသားပြိုင်စက်ဘီးစီး ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရ ဖြိုးဝေဇင် (တနင်္သာရီတိုင်းဒေသကြီးအသင်း)၊ အမျိုးသမီး ရိုးရိုးစက်ဘီးစီးပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရ လွင်လွင်အေး (မန္တလေးတိုင်းဒေသကြီး အသင်း)နှင့် အမျိုးသမီး ပြိုင်စက်ဘီးစီးပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရ နော်ဖောခူခူဆဲ (မန္တလေးတိုင်းဒေသကြီးအသင်း)တို့အား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီတို့က ဆုဖလား၊ ငွေကျပ်တစ်သိန်းနှင့် မောင်မြန်မာ စက်ဘီးတစ်စီးစီတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး စက်ဘီးစီးပြိုင်ပွဲ အမျိုးသားအသင်းလိုက် တံခွန်စိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က အမျိုးသမီး ရိုးရိုးစက်ဘီးစီးပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ စစ်ကိုင်းတိုင်းဒေသကြီး အသင်းနှင့် အမျိုးသား ရိုးရိုးစက်ဘီးစီးပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီး အသင်းတို့အား တံခွန်စိုက်ဒိုင်းနှင့် ငွေသားဆုများကို လည်းကောင်း၊ အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဆုရ မန္တလေးတိုင်းဒေသကြီးအသင်းနှင့်အမျိုးသား အသင်းလိုက် တံခွန်စိုက်ဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ငွေသားဆု ငွေကျပ် ခြောက်သိန်းစီတို့ကိုလည်းကောင်းပေးအပ်ချီးမြှင့်သည်။

အဆိုပါ ပြိုင်ပွဲ၏ အမျိုးသား အသင်းလိုက် တံခွန်စိုက်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး အသင်းအား ဆုငွေကျပ်ခြောက်သိန်း၊ ဒုတိယဆုရ မွန်ပြည်နယ်အသင်းအား ဆုငွေကျပ်ငါးသိန်းနှင့် တတိယဆုရ မကွေးတိုင်းဒေသကြီးအသင်းအား ဆုငွေကျပ်လေးသိန်းကိုလည်းကောင်း၊ အမျိုးသမီး အသင်းလိုက် တံခွန်စိုက်ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီး အသင်းအား ဆုငွေကျပ် ခြောက်သိန်း၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းဒေသကြီး အသင်းအား ဆုငွေကျပ်ငါးသိန်းနှင့် တတိယဆုရ ရန်ကုန်တိုင်းဒေသကြီး အသင်းအား ဆုငွေကျပ်လေးသိန်းတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ မုံလယ်တောရ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ၏ ထေရုပ္ပတ္တိအကျဉ်း

မုံလယ်ဆရာတော် အလောင်းအလျာကို အနောက်ဂန့်ဂေါမြို့နယ်နေ ခမည်းတော် ဦးငွေထွန်း၊ မယ်တော် ဒေါ်ဆေးရန်တို့က ၁၂၈၂ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ရက် (သောကြာနေ့) နံနက် ၁နာရီတွင် မီးရှူးသန့်စင်ဖွားမြင်ခဲ့သည်။ ငယ်အမည်မှာ မောင်ဝသိန်းဖြစ်သည်။ ညီအစ်ကို မောင်နှမလေးယောက်ရှိသည့်အနက် တတိယမြောက်သားရတနာဖြစ်သည်။

သက်တော်(၁၆)နှစ်အရွယ်၌ မုံလယ်တောရဆရာတော် "ဦးဇာဂရ"ထံတွင် ရှင်သာမဏေပြုခဲ့ပါသည်။ သက်တော် (၁၇)နှစ် သာမဏေ (၁)ဝါအရတွင် အနောက်ဂန့်ဂေါရွာ မာန်အောင်ကျောင်း (သုသာန်ကျောင်း)ဆရာတော် ဦးသုစိတ္တာလင်္ကာရမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ကုန်သည်ကြီး ဦးအေးဖေ၊ ဒေါ်အုန်းကြည်တို့က ရဟန်းဒါယကာခံကာ ရဟန်းဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့ကြသည်။

ရဟန်း(၆)ဝါအရတွင် မန္တလေးမြို့ မြို့ဟောင်းမင်္ဂလာတိုက်ဆရာတော် "ဦးဓမ္မိသရ"၊ မြို့ဟောင်းတောင်ပြင်တိုက် ဆရာတော် "ဦးသုမန"တို့ထံတွင် မိုးကုတ်ဝိပဿနာနည်း နိဿရည်းခံ ကျင့်ကြံရှုပွား အားထုတ်တော်မူခဲ့သည်။ ဆရာတော်သည် အနောက်ဂန့်ဂေါ မုံလယ်တောရ ကျောင်းအပြင် ပဲခူးဆယ်မိုင်ကုန်း (အမှတ်-၁-တိုက်ခွဲ)၊ ကျိုင်းတုံမြို့ (အမှတ်-၂-တိုက်ခွဲ)နှင့် မန္တလေးမြို့ ရေတံခွန်တောင် (အမှတ်-၃-တိုက်ခွဲ)များတွင် မုံလယ်ဓမ္မရိပ်သာ ကျောင်းတိုက်ခွဲများ ဖွင့်လှစ်ကာ ပြည်တွင်းပြည်ပ သာသနာပြုခရီးများ ကြွရောက်ပြီး တရားဓမ္မများဟောကြားပြသခဲ့သည်။

ဆရာတော်အား ၁၃၆၁ခုနှစ် တပေါင်းလပြည့်နေ့တွင် (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)၏ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့ဆက်ကပ်ခြင်းကို ခံယူရရှိတော်မူခဲ့သည်။



ဆရာတော် သည် သက်တော်(၉၁)နှစ်၊ ဝါတော်(၇၄)ဝါ ၁၃၇၂ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ရက်(၂၅-၂-၂၀၁၁) (သောကြာနေ့) နံနက် ၈နာရီတွင် မန္တလေးမြို့၌ ခန္ဓာဝန်ချ ချုပ်ငြိမ်းတော်မူသည်။

ဆရာတော်၏ ရုပ်ကလာပ်တော်ကို ၁၃၇၂ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက် ၃-၃-၂၀၁၁ရက် မွန်းလွဲ ၁နာရီတွင် မုံလယ်တောရကျောင်း ရေတံခွန်တောင် မန္တလေးတွင် အန္တိမ အဂ္ဂိ ဈာပနပူဇော်ကျင်းပမည်ဖြစ်သည်။

မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယမုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ ခန္ဓာဝန်ချ ချုပ်ငြိမ်းတော်မူ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ မုံလယ်တောရဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရဆရာတော် သက်တော်(၉၁)နှစ်၊ ဝါတော်(၇၄)ဝါသည် ၁၃၇၂ခုနှစ် တပို့တွဲလပြည့်ကျော် ၇ရက်၊၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၂၅ရက် (သောကြာနေ့) နံနက် ၈နာရီတွင် မန္တလေးမြို့၌ ခန္ဓာဝန်ချ ချုပ်ငြိမ်းတော်မူသည်။

ဆရာတော်၏ ရုပ်ကလာပ်တော်ကို ၁၃၇၂ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ ၂၀၁၁ မတ် ၃ရက် မွန်းလွဲ ၁နာရီတွင် မုံလယ်တောရကျောင်း ရေတံခွန်တောင် မန္တလေးတွင် အန္တိမအဂ္ဂိဈာပနပူဇော် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုနှင့် အသားရောင်းဆိုင်ခန်းများ အသားရောင်းချမှုအခြေအနေကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်နိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုဆိုင်ရာပြပွဲ ခင်းကျင်းပြသ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

Jade Crown Organizing Group က ကြီးမှူး၍ SHINE Construction ၏ အဓိကကူညီပံ့ပိုးမှုဖြင့် ပညာရေး၊ ကျန်းမာရေးနှင့်နေထိုင်မှုဆိုင်ရာ ကုမ္ပဏီများနှင့် ဝန်ဆောင်မှုလုပ်ငန်းများပါဝင်သည့် Education, Living & Health Care Exhibition ပြပွဲကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသလျက်ရှိသည်။

အဆိုပါ ပြပွဲတွင် နာမည်ကျော် ကုမ္ပဏီများနှင့် ဝန်ဆောင်မှုလုပ်ငန်းများဖြစ်ကြသော SHINE Construction , ILBC, YIS, KMD, HORIZON INTERNATIONAL,TOTAL, NELC, SR Education, Nexus English Language Centre, ပညာရွှေအိုး၊ STI, Education, Global Enchanting Education, Ever Clever Education, MST Computer Center, MPEC,Global Net, Strategy First, OESC,Study Abroad,GETC, ရွှေလမ်းသစ် Education, Sky Ward Education, SUIC University (Thailand), ACA ပညာ့ရိပ်ငြိမ် ဘော်ဒါ၊ DSP ဘော်ဒါ၊ ဒေါ်ယုယုမြင့် LCCI သင်တန်း၊ A+Science Land, APT Education,Techno Point Engineering Training Centre, Green Light Pre-School, Perfect Computer, Smart Electronic Dictionary, Kaung Myat Zaw Co.,Ltdမှ ဗီယက်နမ်ထုတ် အိမ်ဆောက်ပစ္စည်းများနှင့် Steel Door များ၊ Ocean Glory(Lecco),Home Distribution Group,Asterism မှ အိမ်ခေါင်မိုးပြားများ၊ JBS Electronic,Hitachi Electronic ပစ္စည်းများ၊ alpha ရေပူ/ရေအေး ချိုးစက်များ၊Ever Seiko, AC Makeup, EMP(Haicneal ခေါင်းလျှော်ရည်)တို့မှ အလှကုန်ပစ္စည်းများ၊Columbus Health Care Service, Samitivej ဆေးရုံ (Bangkok),Pararam-9 ဆေးရုံ (Bangkok),Keen Cie Health Care Service, Apollo Hospital Group, Raffles Hospital(Singapore), SML(Medical & Diagnostic Centre), Right Lab (Laboratory), United Pharma, Mega Life Science, Model Pharma,Ranbaxy, Dr.Reddy,Fair Deal,Zaburit ကုမ္ပဏီတို့မှ နိုင်ငံခြားဆေးများ၊ Central Bio Equipment မှ ဆေးရုံသုံးကိရိယာများ၊ Thirst Aid Myanmar၊မှန်ချိုု၊ တောင်ကြီးမောက်မယ်၊ လွင်မြင့်အောင်၊ ရွှေမြန်မာ၊ ပွင့်ကောင်းမှ တိုင်းရင်းဆေးများ၊ ပန်းဝတ်မှုန်တိုင်းရင်းဆေး၊ သဘာဝသုခစားသောက်ကုန်၊ Latest Fashion Shop,Good & More,Book For You စာအုပ်ဆိုင်တို့အပါအဝင် ပြခန်းပေါင်း ၁၃၀ ကျော် ပါဝင်ပြသလျက်ရှိကြောင်းသိရှိရသည်။ (သတင်းစဉ်)

ဆောမြို့နယ် ကြခတ်ကျေးရွာအုပ်စု ကြခတ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအား တွဲဖက်အခြေခံ ပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်ဟန်၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင်ပြန်/ဆက်)

တောင်ပိုင်းဒေသများ ကွက်ကျားမိုး ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၂၆ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ဦးတင့်ဆန်း (ဥက္ကဋ္ဌ၊ ACE ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)သည် ဖေဖော်ဝါရီ ၂၄ရက်တွင် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကစားဖော်များဖြစ်ကြသော ဦးသန်းလွင် (WEG)၊ ဦးသောင်းစိန် (ဧရာရွှေဝါကုမ္ပဏီ)၊ ဦးဂျင်မီ (Krislite) တို့နှင့် အတူ ဂေါက်သီးရိုက်ကစားစဉ် ကိုက် ၁၅၀ အကွာအဝေးရှိ ကျင်းအမှတ်(၈)ကို Titleist (Pro- V1) No.2 ဂေါက်သီးအား Majesty Iron No.9 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားကြောင်း သိရှိရသည်။ (သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - **ရန်တိုက်ပေးနေသည်။**

☆ RFA, DVB - **သွေးထိုးနေသည်။**

☆ **ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။**

ကျောက်မီးသွေးနှင့် ထုံးကျောက် အကြီးစားတူးဖော်ထုတ်လုပ်ရန် လုပ်ငန်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်းနှင့် ယုဇနဘိလပ်မြေစက်မှုလုပ်ငန်းများ လီမိတက်တို့၏ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် ကျောက်မီးသွေး (အကြီးစား)နှင့် ထုံးကျောက်(အကြီးစား) တူးဖော်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်း ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ သတ္တုတွင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

မည်သည့်ပညာရပ်မဆို သုတေသနလုပ်ငန်းအဓိကကျ သုတေသနလုပ်ငန်းများမှ စံချိန်မီဆေးဝါးထုတ်လာနိုင်

သတင်းဆောင်းပါး ဝင်းနိုင် (ကြေးမုံ)

ဓာတ်ပုံ ငွေအောင် (ကြေးမုံ)

"မြန်မာတိုင်းရင်းဆေးပညာ၏ ထူးခြားလေးနက်သော မူလ အနှစ်သာရနှင့် အဆီအနှစ်များကို အလှပေါ် အယဉ်ဆင့်ကာ ခေတ်မီ နည်းပညာများဖြင့် သိပ္ပံနည်းကျ သုတေသနပြုဖော်ထုတ်မြှင့်တင်လျက် ကမ္ဘာ့မျက်နှာစာသို့တိုင် ထွန်းပေါက်ကျော်စောလာစေရအောင် မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံး ညီညီညွတ်ညွတ် စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်း"

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ (၁၁)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ ပေးပို့သော သဝဏ်လွှာမှ-

သို့မို့ကြောင့်ပင် မြန်မာ့တိုင်းရင်းဆေးကို ကမ္ဘာ့အဆင့်အတန်းမီ ဆေးပညာရပ်တစ်ခုဖြစ်လာစေရန် နိုင်ငံတော်အဆင့်မှ အားပေးမြှင့်တင် မှုနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနမှ ဦးဆောင်ဦးရွက်ပြု၍ မြန်မာ့ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းရင်းဆေးသမားတော် များ ညီလာခံကျင်းပခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ အခါ အားလျော်စွာ စာတမ်းဖတ်ပွဲများ ကျင်းပ၍ တိုင်းရင်းဆေးပညာနှီးနှော ဖလှယ်ပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၄ ရက်က မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင်ခန်းမတွင်ကျင်းပသော **စာမျက်နှာ ၉ ကော်လံ ၃ သို့** ❖

တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးရာ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ကို တွေ့ရစဉ်။